ပဋ္ဌိတာနဥ္စ သေဝနာ ဧတံမင်္ဂလမုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ စနေနေ့၊ အတွဲ(၄၀)၊ အမှတ်(၁၆၀)


## ဒီမိုကရေစီအတွက် အခြေခံအုတ်မြစ်

နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံများ ဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီအတွက် လိုအပ်သော အခြေခံအုတ်မြစ်များဖြစ်သည်ဟု ယုံကြည်သည်။

# စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ကူးပြောင်းရေး နိုင်ငံရေးပြောင်းလဲမှုများတစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ပေးခဲ့ အကင်းမသေသေးသည့်သမိုင်း၏ဒဏ်ရာဒဏ်ချက်များကိုကုစားရင်း အနာဂတ်တွင်အကောင်းဆုံးဖြစ်အောင်ဖော်ဆောင်နေ နောက်ခံသမိုင်းကြောင်းကွဲပြားခြားနားမှုများကြောင့် တိုင်းတစ်ပါးကဒီမိုကရေစီကိုပုံတူကူးချပြီးချက်ချင်းပြောင်း၍မရ ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းရေး ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်သည် ကိုယ်ပိုင်လမ်းစဉ်ဖြစ် ကိုယ်ပိုင်လမ်းစဉ်ဖြင့်သာအမျိုးသားရေးလက္ခဏာပီပြင်စေမည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မည်

ရန်ကုန် စက်တင်ဘာ ၂၆

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက် နံနက် ၇နာရီ ၄၅ မိနစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာဟောဝန် ပန်းဥယျာဉ်အတွင်းရှိ ကျောက်သားရင်ပြင်၌ တစ်ခဲနက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

(အောက်ပုံ)

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ကယားပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၆၀၀၀ ကျော်တို့ တစ်ခဲနက် တက်ရောက်ကြသည်။

လူထုအစည်းအဝေး မစတင်မီ စစ်ကြောင်းမှူး ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြဲရွှေ ခေါင်းဆောင်ပြီး အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သော ဘုရင့်နောင်စစ်ကြောင်းသည် လွိုင်ကော်မြို့လယ် နာရီစင် စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ပြည်နယ်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မင်း ခေါင်းဆောင်ပြီး

**ကျောဖုံးသို့** ▼



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## မိန့်ခွန်းပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်နှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့က ကြီးမှူးကျင်းပသည့် ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

## ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ





# အမျိုးသမီးများကမ္ဘာ့ညီလာခံ လက်ခံကျင်းပနိုင်ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ဆက်နွှယ်မှုရှိနေသည်ကိုဖော်ညွှန်း
# အင်အားကြီးနိုင်ငံအချို့ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအပေါ် ဖိအားပေးဆောင်ရွက်ချက်များရှိနေ
# ပြည်သူများ ပြည်ပဖိအားပေးမှုများကိုလုံးဝအလျှော့ပေးလက်မခံ၊ အတားအဆီးများကို ကျော်လွှားနိုင်မည်ယုံကြည်
# မြန်မာနှင့် နိုင်ငံတကာ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအကြား ရင်းနှီးမြှုပ်နှံမှုပိုမိုခိုင်မာစေမည်မျှော်လင့်

ရန်ကုန် စက်တင်ဘာ ၂၆

**အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်နှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့က ကြီးမှူးကျင်းပသည့် ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာစီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

### ညီလာခံဖွင့်ပွဲတက်ရောက်

ညီလာခံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင် နာယကများဖြစ်ကြသော ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်းတို့နှင့်တကွ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင် နာယကများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်များနှင့်လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး စွမ်းဆောင်ရှင် အမျိုးသမီးများ အသင်းချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ညီလာခံကျင်းပရေး ဦးဆောင်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ ထိုင်းနိုင်ငံနှင့် တရုတ် (တိုင်ပေ)တို့မှ ညီလာခံကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အခမ်းအနားဖွင့်လှစ်

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်ဥက္ကဋ္ဌ Dr. Dewi Motik Pramono Msi၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်စိန်စိန်၊ ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါ်ရီရီမြင့်နှင့် ညီလာခံတက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မင်္ဂလာရွှေမောင်းထုကြပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အခမ်းအနားသို့ ကြွရောက်လာပြီး မိန့်ခွန်း ပြောကြားရာတွင်–

ဒသမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်၏ ကမ္ဘာ့ညီလာခံ၌ ယခုကဲ့သို့ မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် မိမိအနေဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများ အသင်းချုပ်ဥက္ကဋ္ဌနှင့်တကွ မိမိတို့နိုင်ငံကိုလာရောက်ကြသည့် ကိုယ်စားလှယ်များအားလုံးကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း ပြောကြားလိုကြောင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ညီလာခံကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံရှိ အမျိုးသမီးစွမ်းဆောင်ရှင်များအတွက် အထူးပင် ဂုဏ်ယူဖွယ်ကောင်းလှကြောင်း၊ ယခုကျင်းပနေသည့် ညီလာခံကို အောင်မြင်စွာကျင်းပနိုင်အောင် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းကိုလည်း မိမိအနေဖြင့် ချီးကျူးဂုဏ်ပြုလိုကြောင်း။

### ကြိုးစားလုပ်ဆောင်

လျင်မြန်စွာ တိုးတက်လာသည့် နည်းပညာနှင့် ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ပြောင်းလဲမှု ဖြစ်စဉ်တို့သည် ကမ္ဘာပေါ်တွင် ကြီးမားပြီး အခြေခံကျသည့် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ထိုပြောင်းလဲမှုများသည် လူအများ၏ လူနေမှု အဆင့်အတန်းနှင့် လူနေမှုဘဝ မြှင့်တင်ရေးအတွက် ကြီးမားသော အခွင့်အလမ်းများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် စိန်ခေါ်မှုအသစ်များသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲကမ္ဘာတွင် ပေါ်ပေါက်လာလျက်ရှိကြောင်း၊ ဤစိန်ခေါ်မှုများကို အောင်မြင်စွာ မကျော်လွှားနိုင်သည့် နိုင်ငံများသည် ကမ္ဘာပင်မရေစီးကြောင်းအပြင်ကို ရောက်ရှိသွားပြီး တိုးတက်မှုများ၏နောက်တွင် ကျန်ရစ်ခဲ့မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် နည်းပညာနှင့် ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ပြောင်းလဲမှု ဖြစ်စဉ်တို့၏ အခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်ပြီး ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ရေးနှင့် လူသားမျိုးနွယ်တစ်ရပ်လုံး အတွက်ပိုမို တောက်ပသည့် အနာဂတ်ကို ဖန်တီးနိုင်အောင် မိမိတို့ အားလုံးကြိုးစား လုပ်ဆောင်ကြရမှာဖြစ်ကြောင်း။

မိမိအနေဖြင့် အားလုံးကြိုးစား လုပ်ဆောင်ကြရမည်ဟု ပြောရခြင်းမှာ ဤလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု မပါဘဲဤလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်မှာ မဟုတ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် အမျိုးသမီးများသည် လူဦးရေအများစုဖြစ်သည့်အတွက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို လျစ်လျူရှုထား၍ မရကြောင်း၊ ဤနေရာတွင် **“အမျိုးသမီးများဟာ အချက်အချာကျတဲ့ အခန်းကဏ္ဍက မပါဝင်ဘူးဆိုရင် ထိရောက်တဲ့ ဖွံ့ဖြိုးမှု မဟာဗျူဟာချမှတ်နိုင်မှာ မဟုတ်ကြောင်း လေ့လာမှုများက ပြသပါတယ်”** ဆိုသည့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ကိုဖီအာနန်၏ ၂၀၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ သဝဏ်လွှာထဲက စကားကို ကိုးကားပြီးဖော်ပြလိုကြောင်း။

### ကမ္ဘာ့စီးပွားရေးအထောက်အကူပြု

ယနေ့အခါတွင် အမျိုးသမီးများသည် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေး စသည့် အခန်းကဏ္ဍများတွင် ပိုမိုအရေးကြီးသည့် အနေအထားက ဆောင်ရွက်လာကြကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးနယ်ပယ်တွင်လည်း ကမ္ဘာပေါ်ရှိ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များသည် ကမ္ဘာ့စီးပွားရေးကို ပိုမိုအထောက်အကူပြုလာသည်ကို မိမိအနေဖြင့် ဝမ်းမြောက်စွာ တွေ့မြင်ရပြီဖြစ်ကြောင်း။

အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ၏ အခန်းကဏ္ဍကိုယေဘုယျအားဖြင့် အသိအမှတ်ပြုလာကြသော်လည်း အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များသည် အမျိုးသား၊ အမျိုးသမီးဆိုသည့် ခွဲခြားဆက်ဆံမှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ဤပြဿနာများကို ဖြေရှင်းရာတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေး စွမ်းဆောင်ရှင်အမျိုးသမီးများ အသင်းချုပ်ကဲ့သို့ အသင်းမျိုးသည် အရေးပါသော အခန်းကဏ္ဍက ပါဝင်သည်ကို မိမိတို့ ယုံကြည်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများ အသင်းချုပ်သည် အဖွဲ့ဝင်များကို ကမ္ဘာ့စီးပွားရေးကဏ္ဍ၌နေရာမှန်ရောက်ရှိအောင် ကူညီဆောင်ရွက်ပေးရာတွင် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ၏ စွမ်းရည်တိုးမြှင့်လာစေရေးအတွက် ကူညီထောက်ပံ့မှုများပေးခြင်း၊ အဖွဲ့ဝင်များအကြား ကွန်ရက်အဆက်အသွယ်များ တည်ဆောက်ပေးခြင်းနှင့် အတွေ့အကြုံများ၊ အလေ့အကျင့်ကောင်းများမျှဝေခြင်းစသည့် လုပ်ငန်းများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိအနေဖြင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးစွမ်းဆောင်ရှင်အမျိုးသမီးများ အသင်းချုပ်၏ ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုရင်းအစဉ်အောင်မြင်မှုများ ရရှိပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း။

### အစွမ်းအစနှင့်ယှဉ်ပြိုင်

တစ်ချိန်တည်းပင် ရရှိခဲ့သော အောင်မြင်မှုများဖြင့် ကျေနပ်နေ၍မရကြောင်း၊ ရပ်တန့်နေမည်ဆိုလျှင် ယနေ့လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် နောက်ကျကျန်ရစ်ခဲ့မှာဖြစ်ကြောင်း၊ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များသည် ပြောင်းလဲနေသော ကမ္ဘာ့အခြေအနေနှင့် စီးပွားရေးလုပ်နည်းကိုင်နည်းတို့နှင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မိမိတို့၏ တိုးတက်မှုအတွက် နည်းပညာ၏ တိုးတက်မှုများကို အခွင့်ကောင်းယူအသုံးချတတ်ရမှာဖြစ်ပြီး မိမိတို့၏ အစွမ်းအစဖြင့် ယှဉ်ပြိုင်နိုင်စွမ်းတို့ကို တိုးတက်အောင်ဆောင်ရွက်ရမှာဖြစ်ကြောင်း။

စိန်ခေါ်မှုများသည် ပုံစံအမျိုးမျိုးရှိပြီးခက်ခဲနက်နဲသော်လည်း ကမ္ဘာပေါ်ရှိအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များသည် ထိုအခက်အခဲများကို ကျော်လွှားနိုင်ပြီး ကမ္ဘာ့စီးပွားရေးကို ထူးခြားစွာပံ့ပိုးဆောင်ရွက်နိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပြီးဖြစ်ကြောင်း။

### ဒီမိုကရေစီလူ့ဘောင်တည်ဆောက်

မြန်မာနိုင်ငံတွင် အရေးပါပြီး အခြေခံကျသည့် ပြောင်းလဲမှုများ ဖော်ဆောင်လျက်ရှိကြောင်း၊ မိမိတို့၏ ရည်မှန်းချက်မှာ ဒေသဆိုင်ရာနှင့် ကမ္ဘာပေါ်တွင် ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုမည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရေးပင်ဖြစ်ကြောင်း၊

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့**



ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဂျာမနီဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါး မိန့်ခွန်းပြောကြားစဉ်။

# အချင်းချင်းတန်းတူရည်တူရှိအောင်လုပ်နိုင်မှ ကမ္ဘာကြီးငြိမ်းချမ်းလုံခြုံမည် အင်အားသုံးခြင်းကိုတားဆီးနိုင်ငံတကာဥပဒေသြဇာသက်ရောက်အောင်ဆောင်ရွက် လွတ်လပ်သောအီရတ်နိုင်ငံလျင်မြန်စွာပြည်လည်ထူထောင်ရေး အာမခံချက်ပေး တရားဝင်အီရတ်အစိုးရပေါ်ပေါက်ရေး ကုလသမဂ္ဂအကောင်အထည်ဖော်

**နယူးယောက် စက်တင်ဘာ ၂၆**

**ကုသလသမဂ္ဂအထွေထွေညီလာခံ၌ ဗုဒ္ဓဟူးနေ့က ပြောကြားသော ဂျာမနီဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါး၏မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်သည်။**

ကျွန်ုပ်တို့အားလုံးသည် ကုလသမဂ္ဂအဖွဲ့၏ ကမကထပြုလုပ်မှုဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ အဖွဲ့အစည်းကြီး ပိုမိုခိုင်မာတောင့်တင်းလာရေးအတွက် ရဲရဲရင့်ရင့် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ကောင်းမွန်သော စီမံမှုများ၊ လူသိက္ခာအပေါ်လေးစားမှုများနှင့် ဥပဒေများအပေါ်အခြေခံသော ကမ္ဘာ့နိုင်ငံများအတွက် အသီးအပွင့်များကို မျှတစွာဝေခွဲခံစားနိုင်မည့် ကမ္ဘာ့အစီအစဉ်တစ်ရပ် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်နေကြောင်း ညွှန်ပြလျက်ရှိသည်။

ကျွန်ုပ်တို့သည် သမိုင်းသင်ခန်းစာများကို အမှတ်ရကြပြီး သကာလ ကမ္ဘာ့ငြိမ်းချမ်းရေးရရှိရေးအတွက် စုပေါင်းတာဝန်ယူကြရမည်ဖြစ်ပါသည်။ ထိုအခြေအနေကိုရရှိရန်အတွက် ကျွန်ုပ်တို့သည် စီးပွားရေးနည်း၊ နိုင်ငံရေးနည်းနှင့်လူသားဆန်သော နည်းနာများကို ကျင့်သုံးသွားကြရပါမည်။ ကျွန်ုပ်တို့သည် တာဝန်ယူရမည့် ကိစ္စများတွင် နေတိုးအဖွဲ့ဝင်များ၊ အီးယူအဖွဲ့သားများနှင့် တန်းတူပခုံးချင်းယှဉ်၍ တာဝန်ထမ်းလျက်ရှိပါသည်။ ငြိမ်းချမ်းရေးနှင့်လူ့အသက်များကို အကာအကွယ်ပေးရာ၌ အခြားနည်းလမ်းရွေးစရာမရှိသော အခြေအနေမျိုးတွင်သာ စစ်ရေးနည်းအရတာဝန်ယူသည့်နည်းလမ်းကို ကျင့်သုံးပါသည်။

အီရတ်နိုင်ငံကိစ္စနှင့်စပ်လျဉ်း၍ ဆိုရလျှင် ဂျာမနီနိုင်ငံအနေဖြင့် ထိုနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ တာဝန်ယူမှုနှင့် အခန်းကဏ္ဍ ပိုမိုတောင့်တင်းခိုင်မာလာသည်ကို တွေ့မြင်လိုပါသည်။ လွတ်လပ်သော အီရတ်နိုင်ငံ လျင်မြန်စွာပြန်လည် ထူထောင်ရေး၊ တရားဝင် ပြည်သူကိုယ်စားပြု အစိုးရ ပေါ်ပေါက်လာရေးကိစ္စရပ်များကို ကုလသမဂ္ဂအဖွဲ့ကြီးတစ်ခုတည်းကသာလျှင် အာမခံချက်ပေး အကောင်အထည်ဖော်သွားနိုင်ပေလိမ့်မည်။

ဂျာမနီနိုင်ငံသည် ထိုလုပ်ငန်းစဉ်များ အကောင်အထည်ပေါ်လာရေးအတွက် ထောက်ခံအားပေး ဆောင်ရွက်သွားရန် အဆင်သင့်ရှိပါသည်။ ထိုတာဝန်ကို လူသားချင်းစာနာသော အကူအညီများ ပံ့ပိုးပေးခြင်း၊ နည်းပညာရှင် စီးပွားရေးအကူအညီများ ထောက်ပံ့ခြင်းနှင့် လူမှုရေးဆိုင်ရာ တာဝန်ယူမည့် ပုဂ္ဂိုလ်များကို သင်တန်းများပေးခြင်းဖြင့် ဂျာမနီက ပါဝင်ထမ်းဆောင်သွားမည် ဖြစ်ပါသည်။

စစ်ရေးနှင့် မူဝါဒရေးရာအမြင်များ ကျဉ်းမြောင်းစွာဖြင့် ဆောင်ရွက်ခြင်းသည် ရည်မှန်းချက်ကိုအောင်မြင် အောင်ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း သမိုင်းသင်ခန်းစာများအရ ကျွန်ုပ်တို့တွေ့မြင်သိရှိခဲ့ကြရပြီး ဖြစ်သည်။ လိုအပ်နေသည့်ကိစ္စမှာ မလုံမခြုံဖြစ်နေရသည့် လုံခြုံရေးပြဿနာ၏ အခြေခံအကြောင်းရင်းနှင့် အကြမ်းဖက်မှုပြဿနာများ၏ အခြေခံအကြောင်းရင်းများကို အမြစ်မှစ၍ တူးဆွဖြေရှင်းသွားရန်ပင်ဖြစ်ပါသည်။ လူမှုရေးပိုင်းဆိုင်ရာ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာလုံခြုံမှုရှိရေးတို့ကိုပါ ထည့်သွင်းစဉ်းစား ဖြေရှင်းခြင်းဖြင့် မိုက်မဲရူးသွပ်စွာ တိုက်ခိုက်လာမည့်အန္တရာယ်များကို ကာကွယ်သွားနိုင်မည်ဖြစ်သည်။

ထိုကိစ္စများကို ဖြေရှင်းရာတွင် ကျွန်ုပ်တို့သည် လုံခြုံရေးကိစ္စကို အမြင်ကျယ်စွာ ရှုမြင်စဉ်းစားရပေလိမ့်မည်။ ကျွန်ုပ်တို့သည် စက်ဆုပ်ဖွယ်ရာကောင်းသည့် ဥပဒေမဲ့ တရားလက်လွတ်ပြုလုပ်မှုများကို အဆုံးသတ်သွားအောင် ဆောင်ရွက်သွားရပါမည်။ ထိုလုပ်ငန်းမှာ အပြည်ပြည်ဆိုင်ရာတရားရုံး၏ အခြေခံကျသော လုပ်ငန်းပင် ဖြစ်ပေသည်။ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးနှင့် သက်ဆိုင်ပေသည်။

လူများအနေဖြင့် နိုင်ငံတကာအသိုက်အမြုံတွင် ပါဝင်ဆောင်ရွက်နေခြင်းသည် မိမိတို့ဘဝအတွက် ပိုမိုလုံခြုံမှုရှိသည်၊ ပိုမိုလွတ်လပ်သည်၊ ဖွံ့ဖြိုးပြီး ပိုမိုကောင်းမွန်သည့်ဘဝကို ရရှိနိုင်သည်ဆိုသည်များကို သိမြင်စေရမည်ဖြစ်ပါသည်။ ထိုသို့ ဖြစ်လာစေရန်အတွက် နိုင်ငံစုံ အသိုင်းအဝိုင်းသည် မိမိတို့ တာဝန်ယူထားသည်များကို ကတိကဝတ်ရှိထားသည်နှင့်အညီ ဆက်လက်ပံ့ပိုးဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ကုလသမဂ္ဂပဋိညာဉ်စာတန်းတွင် ပါသော ဘုံရည်မှန်းချက်များကို ဖော်ဆောင်ရာ၌ ကျွန်ုပ်တို့အနေဖြင့် အဓိကကျသော အောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်သည်ဆိုသော အချက်မှာ သံသယရှိစရာမလိုသော ကိစ္စဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် ယခင်မည်သည့် အချိန်ကမျှနှင့် မတူအောင် ဒီမိုကရက်တစ်နိုင်ငံများ များပြားလာလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ စုပေါင်းကြိုးပမ်းမှုကြောင့် များပြားလာသောလူတို့ကို ဆင်းရဲတွင်းမှ ကယ်တင်နိုင်ခဲ့ပြီးလည်းဖြစ်ပါသည်။

သို့ရာတွင် ကမ္ဘာပေါ်ရှိ ဆင်းရဲသော နိုင်ငံများနှင့် ချမ်းသာသော နိုင်ငံများအကြား ကွာဟချက်မှာ ကျဉ်းမြောင်းသွားခြင်း မရှိသေးပါ။ ဝေါ်မှတ်မှုဘေးမှာလည်း ခြောက်လှန့်နေဆဲဖြစ်ပြီး မမျှတမှုနှင့် ဖိနှိပ်မှု အခြေအနေများကိုလည်း ကင်းစင်ပပျောက်သွားအောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။

ယခုပေါ်ပေါက်နေသော အန္တရာယ်သစ်ကို ကမ္ဘာပေါ်တွင်မည်သည့်နိုင်ငံကမျှ တစ်နိုင်ငံတည်း ဖြေရှင်းနိုင်မည် မဟုတ်ပါ။ စုပေါင်းဖြေရှင်းကြရမည်သာ ဖြစ်ပါသည်။ ဖြေရှင်းရာ၌ နည်းဗျူဟာအသစ်များကိုလည်း လိုအပ်နေကြောင်း ဖော်ပြနေသည်။ သို့ဖြစ်၍လည်း ကျွန်ုပ်တို့သည် လက်ရှိကုလသမဂ္ဂတွင် ဖြစ်ပေါ်မှုအခြေအနေများသည် စိန်ခေါ်နေသော ပြဿနာအသစ်များကို ရင်ဆိုင်ရာ၌ သင့်တော်မှုရှိပါ၏လောဟု ပြန်လည်သုံးသပ်နေကြရခြင်းဖြစ်သည်။

နိုင်ငံအချင်းချင်း စစ်ဖြစ်နေကြသည်ထက် ပြည်သူများ၏ လုံခြုံရေးနှင့် ရပိုင်ခွင့်များကို ပိုမိုအကာအကွယ်ပေးနိုင်သောတာဝန်ယူနိုင်မည့် အခြေအနေများကိုဖော်ဆောင်ကြရန် တာဝန်ရှိပေသည်။ လူများကို လူမျိုးတုံး သတ်ဖြတ်မှုများ၊ ပုဂ္ဂိုလ်ရေးအရ နှိပ်စက်ကလူပြုမှုများမှ အကာအကွယ်ပေးကြရပေလိမ့်မည်။ သို့ဖြစ်၍ ကုလသမဂ္ဂကိုနိုင်ငံရေးအရ ပိုမိုတောင့်တင်း ခိုင်မာအောင် ဆောင်ရွက်ပြီး အင်အားအသုံးပြုခြင်းကို တားဆီးနိုင်အောင် ဆောင်ရွက်ရမည့်အပြင် နိုင်ငံတကာဥပဒေကို ပိုမိုသြဇာသက်ရောက်မှုရှိအောင်လည်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

၂၁ ရာစုနှစ်တွင် ကမ္ဘာကြီးသည် အကောင်းအတွက်ဖြစ်စေ၊ အဆိုးအတွက်ဖြစ်စေ အပြောင်းအလဲပြုလုပ်စရာ အများအပြားရှိနေသည်ကို တွေ့မြင်နေရပါသည်။ ကမ္ဘာကြီးရင်ဆိုင်နေရသော ကြီးမားလှသည့်အန္တရာယ်များကို ကျော်လွှားရန်အတွက် ကမ္ဘာ့နိုင်ငံများသည် အများနှင့်ဆိုင်သော နိုင်ငံတကာစနစ်ကိုပိုမိုတောင့်တင်းအောင် ဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်ကြမှသာ အခက်အခဲကို ကျော်လွှားနိုင်ကြမှာ ဖြစ်ပါသည်။

ကျွန်ုပ်တို့အချင်းချင်းတန်းတူ ရည်တူညီမျှမှုရှိအောင်လုပ်ဆောင်နိုင်မှသာ ကမ္ဘာကြီးသည်ငြိမ်းချမ်းလုံခြုံမှုရှိပါလိမ့်မည်။ ထိုရည်ရွယ်ချက်များကြောင့်ပင် ကျွန်ုပ်တို့သည် ကုလသမဂ္ဂအဖွဲ့ကြီးကို တည်ထောင်ဖွဲ့စည်းခဲ့သည် မဟုတ်ပါလား။

သို့ဖြစ်၍လုံခြုံငြိမ်းချမ်းပြီး တူညီမျှတသော ကမ္ဘာကြီးဖြစ်လာစေရန် ကျွန်ုပ်တို့ အားလုံးအနေဖြင့်ကုလသမဂ္ဂအဖွဲ့ကြီးကို ပိုမိုတောင့်တင်းခိုင်မာအောင် လုပ်ဆောင် ကြိုးပမ်းသွားကြပါစို့။ **(အင်တာနက်)**

## ဂျာမနီဝန်ကြီးချုပ်၏သဘောထားကောက်နုတ်ချက်များ

- **အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အီရတ်ပြည်သူများထံသို့ ဆောလျင်စွာ လွှဲပြောင်းပေးရေးဆိုသည့်အချက်သည် ဂျာမန်ပြည်သူများ၏ ဆန္ဒဖြစ်ကြောင်း ရှရိုးဒါးက ပြောကြားသည်။**
- **အီရတ်နိုင်ငံ၌ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အမေရိကန်နှင့် ပူးပေါင်းနိုင်ငံများ၏ သီးသန့်တာဝန်ဖြစ်သော်လည်း အီရတ်ပြည်သူများကို ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့်သာ အကူအညီပေးရမည်ဖြစ်ကြောင်း ရှရိုးဒါးက အလေးပေးပြောဆိုသည်။**
- **ဂျာမနီနိုင်ငံသည် ကုလသမဂ္ဂကို ယင်း၏စွမ်းဆောင်နိုင်သည့် အခြေခံဖွဲ့စည်းမှုအတွင်းမှ အထောက်အကူ ပေးသွားမည်ဖြစ်ကြောင်း ရှရိုးဒါးက အခိုင်အမာအတည်ပြု ပြောဆိုသည်။**
- **ကုလသမဂ္ဂ၏ ကမကထပြုမှုအောက်တွင် မဏ္ဍိုင်စုံကမ္ဘာ ရရှိရန်လိုအပ်ကြောင်း ဂျာမန်ဝန်ကြီးချုပ် ရှရိုးဒါးက ပြောကြားပြီး တစ်ချိန်တည်းမှာပင် ဆီးရီးယားကို အမေရိကန်ပြည်ထောင်စုက ထပ်ကာတလဲ ခြိမ်းခြောက်မှုနှင့် ဆက်စပ်လျက် အရှေ့အလယ်ပိုင်းတွင် စစ်ပွဲသစ် ဖြစ်မည်မဟုတ်ကြောင်း ရှရိုးဒါးက သူ၏အမြင်ကို ပြောဆိုသည်။**
- **ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၄၄၁) က အီရတ်၏ လက်နက်ဖျက်သိမ်းမှုနှင့် စပ်လျဉ်း၍ အထူးသီးသန့်ပြောဆိုခဲ့သော်လည်း ယနေ့အချိန်တွင် အဓိက အာရုံစူးစိုက်ရမည်မှာ အီရတ်ပြည်သူများကို လူသားချင်းစာနာသည့် အကူအညီပေးရေး ဖြစ်ရမည်ဖြစ်ကြောင်း ရှရိုးဒါးကပြောဆိုသည်။**

## ဂျော့ဒဗလျူဘုရ်ှနှင့် ဂျက်ရှီရက်တို့ နှစ်ဦး အီရတ်ကိစ္စအပြင် အခြားကမ္ဘာ့ရေးရာများ၌လည်း သဘောကွဲ

**နယူးယောက် စက်တင်ဘာ ၂၅**

အီရတ်စစ်ပွဲကြောင့် စိတ်ဝမ်းကွဲပြားခဲ့ကြသော အမေရိကန်နှင့် ပြင်သစ်ခေါင်းဆောင်နှစ်ဦးတို့ အင်္ဂါနေ့က ကုလသမဂ္ဂ၌တွေ့ဆုံခဲ့ကြရာ အပေါ်ယံအားဖြင့် ခင်မင်ရင်းနှီးမှုသဘောဆောင်ခဲ့သည်။

ပြင်သစ်နှင့် အမေရိကန်ခေါင်းဆောင်များသည် အီရတ်နိုင်ငံအရေးကိစ္စ၌သာ သဘောကွဲပြားရုံမက အခြားကမ္ဘာ့ရေးရာ ကိစ္စရပ်များတွင်လည်း ဖြောင့်ဖြောင့်ကြီး သဘောထားချင်း ဆန့်ကျင်လျက်ရှိသည်။

၎င်းတို့နှစ်ဦး ကုလသမဂ္ဂ၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတဘုရ်ှက အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးနှင့် အီရတ်နိုင်ငံအရေးကိစ္စ၌ နိုင်ငံများပါဝင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီး ပြင်သစ်သမ္မတ ဂျက်ရှီရက်က နိုင်ငံစုံစနစ်အတွင်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်နှင့် အီရတ်နိုင်ငံအရေးကိစ္စတွင် ကုလသမဂ္ဂအနေနှင့် ပိုမိုအရေးပါသော အခန်းကဏ္ဍမှပါဝင်ရန် လိုလားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ အရေးကိစ္စဖြေရှင်းရန် နိုင်ငံတကာညီလာခံတစ်ရပ် ကျင်းပစေလိုပြီး ကုလသမဂ္ဂ၏လုပ်ငန်းရပ်များ ပိုမိုသွက်လက်လာစေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် ဂျက်ရှီရက်က နှိုးဆော်ခဲ့သည်။

**(စီအက်ဖ်အိုင်)**

## သိမ်းပိုက်မှုကြောင့် ပေါ်လာသောပြဿနာများမှ အလွတ်ရုန်းရန် ကုလဘက်ပြန်လှည့်ပြီး အမေရိကန်အကူအညီတောင်းနေ

အမေရိကန်ဦးဆောင်တိုက်ခိုက်ခဲ့သော အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး မိမိတို့၏ ထင်မြင်ယူဆချက်များကို စီအင်န်အင်န်သတင်းဌာန၏ အိုးပင်းဖိုရမ်အစီအစဉ်သို့ ဆက်လက်ပေးပို့လျက်ရှိကြရာ နိုင်ဂျီးရီးယားမှ ရှုမြင်သုံးသပ်သူတစ်ဦးက ကုလသမဂ္ဂ ဆန့်ကျင်ကန့်ကွက်နေသည်ကို လျစ်လျူရှုပြီး အမေရိကန်သမ္မတသည် အီရတ်နိုင်ငံ၌ အစုအပြုလိုက် သေစေနိုင်သော အစွမ်းထက်လက်နက်များ ရှိသည်ဆိုသော အကြောင်းပြချက်ဖြင့် အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ခဲ့ကြောင်း၊ အီရတ်နိုင်ငံ၌ ၎င်းအစွမ်းထက်လက်နက်များ မရှိဆိုသည်ကို ယခုအခါ မိမိတို့အားလုံးသိမြင်ကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်နိုင်ငံသည် ကျူးကျော်သိမ်းပိုက်မှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာများမှ အလွတ်ရုန်းနိုင်ရန် ကုလသမဂ္ဂဘက်ပြန်လှည့်ကာ အကူအညီတောင်းခံခြင်းဖြစ်သည့်အတွက် မည်သို့ နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များ အမေရိကန်ရှိသေးသနည်း မေးခွန်းထုတ်ရေးသားထားသည်။ **(စီအင်န်အင်န်)**

## အီရတ်စစ်ပွဲများကြောင်း ပြင်သစ်လူထုပြောကြား

**ပါရီ စက်တင်ဘာ ၂၅**

ပြင်သစ်နိုင်ငံတွင် လတ်တလောပြုလုပ်သည့် စစ်တမ်းကောက်ယူမှုအရ အီရတ်စစ်ပွဲသည် မှားယွင်းသည့်လုပ်ရပ်ဖြစ်ကြောင်း လူခြောက်ဦးတွင် ငါးဦးက ပြောကြားကြသည်။ နိုင်ငံများ မိတ်ဆွေဖွဲ့မှုနှင့်လည်းကောင်း၊ ရန်သူအဖြစ် သတ်မှတ်ခြင်းနှင့်လည်းကောင်း အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် သဘောမတူညီခြင်း စသည့် ကိစ္စရပ်များတွင် ပြင်သစ်နိုင်ငံက အမှားအယွင်းမရှိကြောင်း နိုင်ငံခြားရေးမူဝါဒ သုံးသပ်သူများက ပြောကြားကြသည်။

ပြင်သစ်နိုင်ငံကို အပြစ်ပေးရန် ဝါရှင်တန်ရှိ ထိပ်တန်းတာဝန်ရှိသူများက လွှန်ခဲ့သည့်လေးလက ပြောဆိုခဲ့ကြသေးသည်။ **(စီအင်န်အင်န်)**



## အီရတ်ကို အမေရိကန်ကျူးကျော်ခြင်းအပေါ် မလေးရှားဝန်ကြီးချုပ် ဝေဖန်ပြောကြား

**ကုလသမဂ္ဂ စက်တင်ဘာ ၂၆**

(၅၈)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က မိန့်ခွန်းပြောကြားရာတွင် အီရတ်နိုင်ငံ၌ ဒီမိုကရေစီစနစ် အလျင်စလိုဖော်ဆောင်ခြင်းဖြင့် အီရတ်ပြည်သူများအတွက် မတည်ငြိမ်မှုများနှင့် လုံခြုံမှုကင်းမဲ့မှုများနှင့်သာ ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ မလေးရှားနိုင်ငံအနေဖြင့် အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့ကြောင်း၊ အမေရိကန်တို့က အီရတ်နိုင်ငံအား ကျူးကျော်ခြင်းသည် ရှေးဆန်သော ကိုလိုနီနယ်ချဲ့ဝါဒ အမျိုးအစားဖြစ်သည်ကို မိမိသတိပြုမိကြောင်း ပြောကြားသွားသည်။ **(အပေါ်ပုံ)**

**အမ်အင်အေ၊ရိုက်တာ**

# အီရတ်နိုင်ငံရေးအတွက် သမ္မတဘုရှ်၏ပြောဆိုချက်ကိုသဘောမတူ ကုလအထွေထွေညီလာခံတက်ရောက်နေသော ကမ္ဘာ့ခေါင်းဆောင်များပြောကြား



## ရုရှားသမ္မတ ဗလာဒီမာပူတင်

အမေရိကန်ဦးဆောင်၍ အီရတ်အား ကျူးကျော်တိုက်ခိုက်ခြင်းသည် မှားယွင်းကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။



ပါကစ္စတန်အစိုးရသည် အီရတ်စစ်ပွဲကို ဆန့်ကျင်ရှုတ်ချခဲ့ပြီး အီရတ်ပြည်သူတို့ထံ အချုပ်အခြာအာဏာ အမြန်လွှဲအပ်ပေးရန် ပါကစ္စတန်သမ္မတ မူရှာရက်က ပြောကြားခဲ့သည်။

## မညီမျှ



အမေရိကန်သည် အီရတ်နိုင်ငံတွင် လူမျိုးရေးနှင့် ဘာသာရေး ကိစ္စရပ်များ၌ မညီမျှမှုကို ဖြစ်စေနိုင်သည့် ရန်စမှုများကို မလုပ်သင့်ကြောင်းနှင့် ဒေသတွင်း၌ ဒီမိုကရေစီကို အဓမ္မ သွတ်သွင်းခြင်း မပြုလုပ်သင့်ကြောင်း အီဂျစ်သမ္မတ မူဘာရက်က ဝေဖန်ပြောဆိုခဲ့သည်။

နယူးယောက် စက်တင်ဘာ ၂၅

**ကုလသမဂ္ဂအထွေထွေညီလာခံကို ယမန်နေ့က ဆက်လက်တက်ရောက်ခဲ့ကြသော ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များသည် ညီလာခံ၌ အီရတ်နိုင်ငံ၏ ရေးရေးနှင့်ပတ်သက်၍ အမေရိကန်သမ္မတဘုရှ် ပြောကြားချက်များအပေါ် သဘောမတူကြကြောင်း ဆွေးနွေးပြောကြားခဲ့သည်ဟု သိရှိရသည်။**

ပြင်သစ်နိုင်ငံက အီရတ်ပြည်သူများထံ အာဏာလွှဲပြောင်းပေးမည့် အချိန်ကာလအတိအကျ သတ်မှတ်ပေးရန် အမေရိကန်ကို ပိုမိုဖိအားပေးလိုက်သည်။

အမေရိကန် သမ္မတဘုရှ်က အစည်းအဝေးသို့ တက်ရောက်လာသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအန်နန်ကို မျက်နှာလို အားရ ခရီးဦးကြိုပြီးနောက် ၎င်းဆင်နွှဲခဲ့သည့် အီရတ်စစ်ပွဲနှင့် ပတ်သက်ပြီး ကာကွယ်ပြောကြားခဲ့သော်လည်း ကုလသမဂ္ဂအထွေထွေညီလာခံမှ ဘာမျှမရဘဲ လက်ချည်း ဗလာဖြင့် ပြန်သွားခဲ့ရသည်။

ပြင်သစ်သမ္မတ ဂျက်ရှီရက်ပြောကြားခဲ့သည်မှာ ယခုအမေရိကန်တို့ တိုက်ခိုက်ခဲ့သည့် အီရတ်စစ်ပွဲသည် နိုင်ငံတကာဥပဒေကိုပျက်စီးစေခဲ့ကြောင်း၊ ပွင့်လင်းကျယ်ပြောလှသည့် ကမ္ဘာကြီးပေါ်၌ မည်သူမျှ တစ်ဦးတစ်ယောက်တည်း ရပ်တည်မနေနိုင်ကြောင်း၊ လူတကာ၏ အမည်ကို ခုတုံးလုပ်ပြီး မိမိကြိုက်သလို လုပ်၍မရကြောင်း၊ ယင်းသို့လုပ်လျှင်လည်း စည်းကမ်းမဲ့ မင်းမဲ့စရိုက် အပြုအမူများသာ ဖြစ်ကြောင်း၊ အီရတ် လူမျိုးများ သည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ရှိပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများသည် မရှိမဖြစ်လိုအပ်သည့်အတွက် အီရတ်လူမျိုးများကသာ အချုပ်အခြာ အာဏာ ပိုင်ဆိုင်ရမှာဖြစ်ကြောင်း ပြောကြားသွားသည်။

## ကုလသမဂ္ဂအထွေထွေညီလာခံမြင်ကွင်း



(၅၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံ၌ ကမ္ဘာ့ နိုင်ငံခေါင်းဆောင် များ က အီရတ် စစ်ပွဲ နှင့် ပတ်သက်ပြီး ဝိုင်းဝန်းဝေဖန်ပြစ်တင်ခြင်းခံခဲ့ရသည့် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ပြောကြားရာ၌လည်း အမေရိကန်တို့သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို လျစ်လျူရှုလျက် အီရတ်နိုင်ငံအပေါ် တစ်ဖက်သတ် စစ်ဆင်တိုက်ခိုက်ခဲ့သော တရားမျှတမှု မရှိသည့်လုပ်ရပ်ကို ပြုပြင်ရန် လိုအပ်ကြောင်း သတိပေး ပြောကြားလိုက်သည်။

ကုလသမဂ္ဂသည် အမေရိကန်တို့ခန့်အပ်ထားသော အီရတ်အုပ်ချုပ်မှုကောင်စီကို တရားဝင်အသိ အမှတ်ပြုခြင်း မရှိသော်လည်း အစည်းအဝေးသို့ တက်ရောက်လာသည့် ၎င်းအုပ်ချုပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့မှ ခေါင်းဆောင်ဖြစ်သူ အာမက်ရှာလာဘီက ပြောကြားရာ၌ အီရတ်လူမျိုးများအနေဖြင့် နိုင်ငံ၏ အချုပ်အခြာ အာဏာကိုထိန်းသိမ်းထားဖို့ ကိုယ်ပိုင်စွမ်းဆောင်နိုင်ကြောင်း၊ မိမိတို့အနေဖြင့် သာမန်နည်းလမ်းများနှင့် သာမန်တိုးတက်မှုများကိုသာ လိုလားကြောင်း ပြောကြားခဲ့သည်။ ကိုဖီအန်နန်သည် အစ္စလာမ်မစ်ကောင်စီ ၁၅နိုင်ငံအဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့်လည်း တွေ့ဆုံဆွေးနွေးရန် ရှိသည်။

(စီအင်န်အင်န်)



အမေရိကန်သည် ကုလသမဂ္ဂကို လျစ်လျူရှုလျက် အီရတ်နိုင်ငံအပေါ် တစ်ဖက်သတ်စစ်ဆင်တိုက်ခိုက်ခဲ့သော တရားမျှတမှုမရှိသည့် လုပ်ရပ်ကို ပြုပြင်ရန် လိုအပ်ကြောင်း ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ပြစ်တင်ပြောကြားခဲ့သည်။



အမေရိကန်ဆင်နွှဲသည့် အီရတ်စစ်ပွဲက နိုင်ငံတကာ ဥပဒေကို ပျက်စီးစေခဲ့ကြောင်း၊ ပွင့်လင်းကျယ်ပြောလှသည့် ကမ္ဘာကြီးပေါ်၌ မည်သူမျှ တစ်ဦးတစ်ယောက်တည်း ရပ်တည်မနေနိုင်ကြောင်း၊ လူတကာ၏ အမည်ကို ခုတုံးလုပ်ပြီး မိမိကြိုက်သလိုလုပ်၍ မရကြောင်း၊ ယင်းသို့ လုပ်လျှင်လည်း စည်းကမ်းမဲ့ မင်းမဲ့စရိုက် အပြုအမူများသာဖြစ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ဝေဖန်ပြောကြားခဲ့သည်။



အီရတ်ကို အမေရိကန်ကျူးကျော်တိုက်ခိုက်ခြင်းသည် ပြဿနာများကို ဖြေရှင်းနိုင်ခြင်းထက် ပြဿနာကိုသာပိုမိုကြီးထွားစေသည်ဟု အင်ဒိုနီးရှား သမ္မတ မယ်ဂါဝတီက ဝေဖန်ပြောကြားခဲ့သည်။

# ကုလအထွေထွေညီလာခံ၌ အီရတ်ကိစ္စ ကမ္ဘာ့ခေါင်းဆောင်များဆွေးနွေးချိန် အမေရိကန်တပ်များကို အီရတ်တိုက်ခိုက်ရေးသမားများက သဲသဲမဲမဲတိုက်ခိုက်



စက်တင်ဘာ ၂၅ ရက်က အီရတ်နိုင်ငံ မိုဆိုးလ်မြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ကြောင့် အမေရိကန်စစ်ယာဉ်နှစ်စီး ပျက်စီးသွားသည်ကို အမေရိကန် တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

**ဘဂ္ဂဒက်မြို့၏ အစိတ်အပိုင်းအများအပြားနှင့် မိုဆိုးလ်ရုပ်ရှင်ရုံ၌ ဗုဒ္ဓဟူးနေ့က ဗုံးများပေါက်ကွဲမှုကြောင့် အီရတ်သုံးဦးထက်မနည်း သေဆုံးပြီး ဒါဇင်များစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။**

သီတင်းပတ်များစွာအတွင်း ဖြစ်ပွားခဲ့သည့် သွေးထွက်သံယိုမှု အဖြစ်ဆုံး တိုက်ပွဲတစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်များ လက်ချက်ဖြင့် အီရတ်ကိုးဦး သေဆုံးသွားသည်ဟု အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောဆိုသည်။

သေဆုံးသူကိုးဦးမှာ တိကရစ်မြို့ဝန်းကျင်၌ဖြစ်ပွားသောတိုက်ပွဲများတွင် သေဆုံးခြင်းဖြစ်သည်။ အမေရိကန် အီရတ်တိုက်ခိုက်ရေးသမားများ၏ ချုံခိုတိုက်ခိုက်မှုနှစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အီရတ်ငါးဦးသေဆုံးခဲ့ပြီး အခြားတစ်နေရာတွင် ဖြစ်ပွားသော အပြန်အလှန်ပစ်ခတ်မှု၌ အီရတ်လေးဦးထက်မနည်း သေဆုံးခဲ့သည်။

တိုက်ခိုက်မှုများသည် အီရတ်နိုင်ငံကို မည်သို့ တည်ငြိမ်မှုပြန်ရရှိအောင် လုပ်မည်ဆိုသည်ကို နယူးယောက်၌ ကမ္ဘာ့ခေါင်းဆောင်များ သဘောတူချက်ရရန် ကြိုးပမ်းနေချိန်၌ ဖြစ်ပွားလာခဲ့ခြင်း ဖြစ်သည်။

ကြာသပတေးနေ့ အစောပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရာတွင် စီစဉ်ပေးပြီး ငွေကြေးပံ့ပိုးပေးသူများဟု စွပ်စွဲထားသော မသင်္ကာသူ နှစ်ဦးကို အမေရိကန်တပ်များက ဖမ်းဆီးခဲ့သည်။

ဘဂ္ဂဒက်မြို့တွင် ကွန်မြူနစ်ခေါင်းဆောင် တာမစ်မဂျစ်မူဆာဆိုသူက မိမိနှင့် အခြားအီရတ်အုပ်ချုပ်မှု ကောင်စီဝင်များသည် အချုပ်အခြာ အာဏာပိုင်ရေးကို မိမိတို့ တတ်စွမ်းသမျှ တိုးတက်မှုရအောင် မြန်မြန် လှုပ်ရှားလိုကြောင်း ပြောဆိုသည်။

**(အင်တာနက်)**

## နိုင်ငံတကာသတင်းများ

# ဘုရှ်၏ခွဲခြားမှုနှင့်ဆွဲဆောင်မှုလုပ်ရပ်မအောင်မြင် ရုရှား၊ပြင်သစ်၊ဂျာမနီ၊ အီရတ်စစ်ကိုဆက်လက်ဆန့်ကျင်

**နယူးယောက် စက်တင်ဘာ ၂၅**

နယူးယောက်မြို့၌ ကျင်းပပြုလုပ်လျက်ရှိသော ကုလသမဂ္ဂအထွေထွေညီလာခံတွင် မော်စကို၊ပါရီနှင့်ဘာလင်တို့၏ စစ်ဆန့်ကျင်ရေး သဘောတူညီချက် ပြန်လည်အသက်ဝင်လာပြီဖြစ်သည်။ အမေရိကန်သမ္မတဘုရှ်သည် ဂျာမနီနှင့်ရုရှားနိုင်ငံတို့ကို ချဉ်းကပ်မှုများ ပြုလုပ်လျက်ရှိသော်လည်း ဂျာမနီနိုင်ငံ ခေါင်းဆောင်ရှရိုးဒါးက ဂျာမနီနိုင်ငံသည် ပြင်သစ်နိုင်ငံနှင့် ယခုအချိန် သဘောထားတူညီနေဆဲ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ဂျာမနီနှင့် ပြင်သစ်တို့၏ ရပ်တည်မှုအကြား သဘောမတူညီမှု အရိပ်အရောင်ရှိမည်မဟုတ်ကြောင်း စစ်ဆန့်ကျင် ခေါင်းဆောင်များဖြစ်သည့် ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ကို ရှရိုးဒါးကထောက်ပြပြောကြားခဲ့သည်။သမ္မတဘုရှ်၏ ခွဲခြားမှုနှင့်ဆွဲဆောင်မှုဆိုသော ထိုးစစ်ဆင်မှုသည် ယခုအချိန်ထိ မအောင်မြင်ကြောင်း သိရသည်။

**(စီအက်ဖ်အိုင်)**

# အီရတ်တွင် အာဏာကိုမည်သို့လွှဲပေးမည်ဆိုသောကိစ္စ ချာလာဘီနှင့်ဘုရှ်အစိုးရတို့ ပို၍သဘောကွဲလွဲလာနေ

နယူးယောက် စက်တင်ဘာ ၂၅

**အီရတ်နိုင်ငံတွင် အာဏာကိုမကြာမီ၌ မည်သို့လွှဲပြောင်းပေးမည်ဆိုသောကိစ္စနှင့်ပတ်သက်၍ ဘုရှ်အစိုးရနှင့် အီရတ်အုပ်ချုပ်မှုကောင်စီဝင် အာမက်ချာလာဘီတို့သည် ပို၍သည်းမခံနိုင်တော့ဘဲ သဘောကွဲလွဲလာနေသည်ဟု သတင်းများက ဆိုသည်။**

ကုလသမဂ္ဂအထွေထွေညီလာခံ၌ တက်ရောက်နေသော အီရတ် ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချာလာဘီသည် အမေရိကန်ပြည်ထောင်စု၏ အစီအစဉ်များထက်ပို၍ မြန်မြန်ထက်ထက်ဖြင့်အချုပ်အခြာအာဏာကို လွှဲပြောင်းပေးရန် ဥရောပနှင့် အခြားကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အရှိန်အဝါကို ရရှိခဲ့သည်။

အီရတ်လူမျိုးများသည် အချုပ်အခြာအာဏာကို လျင်လျင်မြန်မြန် စွမ်းဆောင်နိုင်စွမ်းရှိသူများဟု မိမိတို့ ခံစားနားလည်ကြောင်း ချာလာဘီက ဗုဒ္ဓဟူးနေ့တွင် သတင်းထောက်များကို ပြောကြားသည်။

အီရတ်အတိုက်အခံအုပ်စုတစ်ခုဖြစ်သော အီရတ်အမျိုးသားကွန်ဂရက်ပါတီကိုထူထောင်ခဲ့သူ ချာလာဘီကို ပင်တဂွန်က သဘောကျခဲ့ပြီး အိမ်ဖြူနှင့် ချာလာဘီ ယခင်ကပင် ချိတ်ဆက်မှုရှိခဲ့ပုံရသည်။ အမေရိကန်စစ်ဘက်က ချာလာဘီကို အီရတ်စစ်ပွဲအပြီး၌ အီရတ်နိုင်ငံသို့ပြန်ပို့ပေးခဲ့သည်။ ယခုအခါ ချာလာဘီသည် ဝါရှင်တန်နှင့် သဘောမတူ တစ်မူထူးခြားနေပုံရသည်။

**(အင်တာနက်)**

# အီရတ်အခြေအနေ အမေရိကန်ကျူးကျော်ပြီးနောက်ပိုဆိုး ဘဂ္ဂဒက်လူထုကိုဆန္ဒသဘောထားမေးရာ၌ပြောကြား

**ဘဂ္ဂဒက် စက်တင်ဘာ ၂၅**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နေလူထု ၁၁၀၀အား အီရတ်အခြေအနေနှင့် ပတ်သက်ပြီး ၎င်းတို့၏ဆန္ဒသဘောထားကို ဂေါလ်အပ်အဖွဲ့အစည်းက စစ်တမ်းကောက်ယူခဲ့ရာ အီရတ်နိုင်ငံ၏ အခြေအနေသည် အမေရိကန်တို့၏ ကျူးကျော်မှုကို ခံစားရပြီးနောက် ပိုမိုဆိုးရွားလာကြောင်း ၄၇ ရာခိုင်နှုန်းက ဖြေကြားခဲ့ကြသည်။

ဘဂ္ဂဒက်မြို့၏ လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ ဘဂ္ဂဒက်သည် ပိုမိုအန္တရာယ်ကြီးမားလာကြောင်း ၉၄ရာခိုင်နှုန်းက ဖြေကြားခဲ့ကြောင်း အာရပ်ဘာသာစကားဖြင့် ကောက်ယူခဲ့သည့် ဂေါလ်အပ်စစ်တမ်း၌ ဖော်ပြသည်။

**(စီအင်န်အင်န်)**

# အီရတ်စစ်ပွဲ တရားမျှတမှုမရှိဟု ဗြိတိသျှများသဘောထားပေး

**လန်ဒန် စက်တင်ဘာ ၂၅**

ဗြိတိန်နိုင်ငံတွင် အိုင်စီဂါဒီယန်က ပြည်သူ့ဆန္ဒသဘောထားတစ်ရပ် ကောက်ယူရာတွင် ဗြိတိန်ပြည်သူများသည် အီရတ်စစ်ပွဲကို ပိုမိုဆန့်ကျင်လာကြကြောင်းနှင့် ယင်းဆန္ဒသဘောထားအရ အီရတ်စစ်ပွဲသည် တရားမျှတမှုမရှိကြောင်းကို ပြည်သူ ၅၃ ရာခိုင်နှုန်းက ယခုအခါ ယုံကြည်လာကြကြောင်းသိရသည်။ လက်ရှိအာဏာရ လေဘာပါတီကိုလည်း ယခုအခါ ထောက်ခံသူ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားပြီး ၁၀ နှစ်ကျော်ကာလအတွင်း၌ အနိမ့်ဆုံးကျဆင်းသွားခြင်းဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြထားသည်။

**(စီအင်န်အင်န်)**




**ဆိုးလ်မြို့၌ အီရတ်စစ်ပွဲကို ဆန့်ကျင်သူ တောင်ကိုရီးယားအမျိုးသားတစ်ဦးက အမေရိကန်သမ္မတဘုရှ်၏ ရုပ်ပြောင်ပုံကို ရေးဆွဲနေသည်ကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# သမ္မတဘုရှ်ပြောကြားသောမိန့်ခွန်း အနှစ်သာရမရှိ ဘဂ္ဂဒက်ဒေသခံတစ်ဦး ဘုရှ်မိန့်ခွန်းကိုဝေဖန်

**နယူးယောက် စက်တင်ဘာ ၂၅**

အင်္ဂါနေ့က စတင်ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က မိန့်ခွန်းပြောကြားရာတွင် အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ပြစ်တင် ပြောဆိုခဲ့သည်။

**သံသယပွား**

အမေရိကန်သမ္မတဘုရှ်က အီရတ် နိုင်ငံအစီအစဉ်အတွက် ထောက်ခံမှုပေးကြရန် တိုက်တွန်းပြောကြားခဲ့သော်လည်း စစ်ဒဏ်ခံ အီရတ်နိုင်ငံအတွက် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ပံ့ပိုးမှုအဖြစ် သမ္မတဘုရှ်၏ ပြောကြားချက်ကို ဘဂ္ဂဒက်၌ သံသယ ပွားနေကြသည်။

**ရှုတ်ချ**

ဘဂ္ဂဒက်ဒေသခံတစ်ဦးက ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားသည့် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ မိန့်ခွန်းကို အနှစ်သာရမရှိသော စကားလုံးများအဖြစ် ဝေဖန်ရှုတ်ချပြောကြားခဲ့သည်။

**(စီစီတီဗွီ)**

## ဒါးကမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ကန်ကြီးထောင့် စက်တင်ဘာ ၂၀**

ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကန်ကြီးထောင့်မြို့နယ် ဈေးတံတား ဆိပ်ကမ်းတွင် စက်တင်ဘာ ၁၉ ရက်က ကျင်းပရာ ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းမြင့်မောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်၊ ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များက ရေသယံဇာတ အရင်းအမြစ်များ တိုးတက်ပွားများစေရေးအတွက် ရွှေဝါငါးကြင်းနှင့် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၀ သိန်းကို ဒါးကမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(၁၀၈)**

## စက်မှုစွမ်းအား ခေတ်ကျော်လွှား

# မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ တစ်ဖက်သတ်ပိတ်ဆို့ အရေးယူမှုဟာ ဘယ်လိုသက်ရောက်မလဲ (ဂ)

သဘာဝသိပ္ပံတွင် အောက်ဆီဂျင်တစ်ဆနှင့် ဟိုက်ဒရိုဂျင်နှစ်ဆပေါင်းရင် ရေဖြစ်တယ်ဆိုတဲ့ ဇကန်တရားတွေရှိသလို လူမှုသိပ္ပံ(နိုင်ငံရေး)တွင်လဲ ပုဂ္ဂလိက စီးပွားရေးလွတ်လပ်မှုမရှိရင် ဈေးကွက်စီးပွားရေးမဖြစ်နိုင်၊ အရင်းအနှီး တိုးတက်ဖြစ်ပေါ်ရေးတရားကို ခွင့်မပြုရင် အရင်းရှင်စနစ် မရှင်သန်နိုင်၊ အရင်းရှင်စနစ်မရှင်သန်ရင် ဒီမိုကရေစီမထွန်းကားနိုင်ဆိုတဲ့ ဇကန်တရားတွေရှိပါတယ်။ ဒီကနေ့လို ကမ္ဘာနဲ့အဝန်း ဖွံ့ဖြိုးဆဲနိုင်ငံများက ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ ထူထောင်ရေးသို့ ကူးပြောင်းလာချိန်တွင် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါအစိုးရတွေဟာ သူတို့ဩဇာမနာခံတဲ့နိုင်ငံများအပေါ် စီးပွားပျက်အောင် ပိတ်ဆို့အရေးယူ ဆောင်ရွက်လာပါတယ်။ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ ထူထောင်ကူးပြောင်းလာတဲ့ မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ အခုလိုတင်းကျပ်စွာ ပိတ်ဆို့အရေးယူလာမှုတွေဟာ(အရင်းရှင်စနစ်) ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် အဖျက်လုပ်ရပ်သက်သက်သာဖြစ်တယ်ဆိုတာ သိမြင်လွန်မြောက်သွားဖို့လိုပါတယ်။ တစ်ဖက်တွင် ၂၀၀၁ခုနှစ်က အစပြုပြီး တရုတ်နိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံများနှင့် အကောက်ခွန်မဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန် (Free Trade Area-FTA) ထူထောင်ဖို့ ကြိုးပမ်းလာခဲ့ပါတယ်။ အလားတူ အရှေ့မြောက်အာရှ နိုင်ငံများနဲ့လဲ ကြိုးပမ်းလာခဲ့ပါတယ်။ ဂျပန်နိုင်ငံကလဲ အာရှဒေသအတွင်း လွတ်လပ်စွာကုန်သွယ်ရေးဇုန်နယ် ထူထောင်ရေးကို ပြောင်းလဲကျင့်သုံးမယ်လို့ ကြေညာလာပါတယ်။ အခုလို တရုတ်ရော ဂျပန်ပါ နှစ်နိုင်ငံစလုံးက အာရှစီးပွားရေးလွတ်လပ်တဲ့ဇုန် သီးခြားထူထောင်ရတာဟာ အမေရိကန်ကလက်ဦးမှုယူပြီး လက်တင် အမေရိကန်နိုင်ငံများနဲ့ ကုန်သွယ်ရေးဇုန် စတင်ထူထောင်တဲ့အတွက် မိမိတို့လဲ ကင်းလွတ်ခွင့်ယူကြတာလို့ ဖြေရှင်းချက်ထုတ်ခဲ့တယ်။

ဒီကနေ့ ကမ္ဘာ့စီးပွားရေးနိုင်ငံ ၃၀ တွင် ၂၆ နိုင်ငံတို့ဟာ ဥရောပသမဂ္ဂ၊ မြောက်အမေရိက ကုန်သွယ်ရေးအဖွဲ့၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသ(ASEAN Free Trade Area -AFTA)ဆိုပြီး အုပ်စုဖွဲ့နေကြပါတယ်။ ၂၀၀၂ခုနှစ် နိုဝင်ဘာလတွင် အာဆီယံနဲ့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား (အာဆီယံ+၃) ဆက်ဆံရေးဟာ ရုပ်လုံးပေါ်လာခဲ့ပါတယ်။ ဒီ(အာဆီယံ+၃) အယူအဆကို ၁၉၈၀ပြည့်လွန်ကာလ အလယ်ပိုင်းကတည်းက မလေးရှား ဝန်ကြီးချုပ်မဟာသီယာက တင်ပြခဲ့ဖူးပြီး ဒါဟာ အမေရိကန်ကို အာရှက ဖယ်ထုတ်တဲ့ အယူအဆဖြစ်တယ်လို့ အဲဒီတုန်းက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ဘေကာက အကောင်အထည်မပေါ်အောင် ဖျက်ဆီးပစ်ခဲ့တယ်။ ၁၉၉၇-၉၈ခုနှစ် အာရှငွေကြေး အကျပ်အတည်းဖြစ်ပေါ်လာချိန်မှာ စောစောပိုင်းတွင် အမေရိကန်က ထိရောက်စွာ အားပေးကူညီမှုမရှိဘဲ အေးစက်စွာဆက်ဆံခဲ့တဲ့အတွက် အာရှနိုင်ငံတွေအကြား ပိုမိုကျောချင်းကပ်လာခဲ့ကြပါတယ်။ ဒီအကျပ်အတည်းကို ဂျပန်နိုင်ငံက ထိရောက်စွာ ကူညီခဲ့ကြတယ်။ တစ်ဖက်တွင်လဲ အာရှငွေကြေး (Asian Monetary) အယူအဆကိုပါ တင်လာခဲ့တယ်။ ဒီအယူအဆကိုလဲ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး လော့ရင့်ဆမ်းမားက တင်းမာ ပြတ်သားစွာပယ်ချခဲ့တယ်။ အရေးကြုံလာတဲ့အခါ အဲဒီလို ဂျပန်နဲ့ အမေရိကန်တို့ရဲ့ သဘောထားတွေကို နဖူးတွေ့ဒူးတွေ့ ကြုံလာခဲ့ရတဲ့အတွက် အာရှနိုင်ငံများအနေနဲ့ အမေရိကန်အပေါ် သတိထား ဆက်ဆံလာကြတယ်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက အထက်တန်းအရာရှိတစ်ဦးက ကမ္ဘာ့လွှမ်းခြုံစီးပွားရေးပေါ်ထွန်းလာမှုကြောင့် အမေရိကန်အဖို့ အကျိုးဖြစ်ထွန်းပြီး ထိုင်းနိုင်ငံအဖို့တော့ အနာခံဘဝရောက်နေတယ်လို့ ၁၉၉၇ ခုနှစ် အာရှစီးပွားရေး အကျပ်အတည်း စတင်ချိန်လောက်မှာ ညည်းညူခဲ့ဖူးတယ်။ နောက်သုံးနှစ်အကြာ ဗန်ကောက်မြို့မှာ စီးပွားရေးညီလာခံတစ်ရပ်ကျင်းပတဲ့အခါ ဂျပန်နဲ့ ဥရောပသမဂ္ဂတို့က စိတ်ဝင်စားစွာ တက်ရောက်အားပေးခဲ့ပေမယ့် အမေရိကန်က တက်ရောက်မှုမရှိတဲ့အတွက် ထိုင်းတို့အဖို့ ပိုမိုနာကြည်းစရာဖြစ်လာခဲ့တယ်။ အမေရိကန်ပို့ကုန်တွေဟာ ဥရောပသမဂ္ဂ၊ အာရှနှင့်လက်တင်အမေရိကဒေသကြီး သုံးခုသို့ အညီအမျှနီးပါးတင်ပို့နေရမှုကို မှီခိုနေရတာဖြစ်ပါတယ်။ ဥရောပသမဂ္ဂ ပို့ကုန်သုံးပုံနှစ်ပုံဟာ ဒေသအတွင်းမှာပဲရှိနေပြီး ဂျပန်ရဲ့ ပို့ကုန်အများစု

**အောင်မိုးစံ**

ဟာလဲ ဒေသအတွင်းမှာပဲ ရှိနေပါတယ်။ ဒါကြောင့် အမေရိကန်အဖို့ အာရှမှာ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်ပေါ်လာတာဟာ အမေရိကန်စီးပွားရေး ကိုသာမက ပစိဖိတ်ဒေသမှာရှိတဲ့ အမေရိကန်ရဲ့ ရေရှည်လုံခြုံရေး အကျိုးစီးပွားကို နိုင်ငံရေးအရရော မဟာဗျူဟာအရပါ ထိခိုက်လာနိုင်ပါတယ်လို့ ဆိုပါတယ်။ အခုလိုဖြစ်ရတာဟာလဲ သမ္မတကလင်တန် လက်ထက်တွင် အစပြုခဲ့တဲ့ မြောက်အမေရိကနိုင်ငံများ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်ထူထောင်ဖို့ ကြိုးစားမှုက ဇာတ်လမ်းစခဲ့တာဖြစ်ပါတယ်။ ဒီအပေါ် အာရှဒေသကလဲ သီးခြားစီးပွားရေးဇုန်ထူထောင်မှုနဲ့ တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။

အမှန်က လွတ်လပ်စွာ ကုန်သွယ်ရေးကို ကိုယ်စားပြုတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး(WTO)ရှိနေပါလျက်နဲ့ အမေရိကန်နိုင်ငံက အိမ်ကြီးပေါ် အိမ်ငယ်ဆောက်နေတဲ့ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးလုပ်ရပ်တွေ ထူထောင်လာတဲ့အတွက် အခုလို တုံ့ပြန်မှုတွေ ပေါ်လာတာဖြစ်ပါတယ်။ ဒီကနေ့လဲ ဩစတြေးလျကို အီရတ်စစ်ပွဲမှာ ပါဝင်ကူညီခဲ့တယ်ဆိုပြီး အမေရိကန်နဲ့ လွတ်လပ်စွာ ကုန်သွယ်ဖက်စာရင်းမှာ ထိပ်ဆုံးက နေရာပေးလာပါတယ်။ သမ္မတဘုရှ်ကလဲ အရှေ့အလယ်ပိုင်းမှာ လွတ်လပ်တဲ့ ကုန်သွယ်ရေးဇုန် ထူထောင်ဖို့ ပြောနေပါတယ်။

အခုလို အမေရိကန်ရဲ့ မလိုတစ်မျိုးလိုတစ်မျိုးဆက်ဆံရေးဟာ မြန်မာတစ်နိုင်ငံတည်းကိုသာမဟုတ်ဘဲ ငွေကြေးအကျပ်အတည်းပေါ်ခဲ့စဉ်က အာဆီယံနိုင်ငံများနဲ့ အာရှနိုင်ငံများဟာ မိတ်ဆွေမပီသတဲ့ အမေရိကန်အစိုးရရဲ့ သဘောထားမှန်ကို ခါးသီးစွာတွေ့ကြုံခဲ့ရပြီးဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံနိုင်ငံများဟာ ဒေသအတွင်းနိုင်ငံကြီးတွေဖြစ်တဲ့ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံတို့ အကူအညီနဲ့ ငွေကြေးအကျပ်အတည်းက ရုန်းထွက်ခဲ့ကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအဖို့လဲ ကိုယ့်အားကိုယ်ကိုးမှု၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပြင် အာရှစက်မှုနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အမေရိကန်ရဲ့ တင်းကျပ်စွာပိတ်ဆို့အရေးယူမှုကို လွန်မြောက်သွားဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအဖို့ အာဆီယံအဖွဲ့ဝင်မဟုတ်တဲ့ အိမ်နီးချင်းတရုတ်နဲ့ အိန္ဒိယနိုင်ငံကြီးတို့နဲ့ ဆက်ဆံရေးအခြေအနေတွေလဲ လွန်စွာ အားရကျေနပ်ဖွယ်ရာဖြစ်ပါတယ်။ "ဒီကနေ့ တရုတ်ပြည်နဲ့ အိန္ဒိယနိုင်ငံတို့ဟာ ဂျပန်ပြီးရင် စီးပွားရေးအရ ဒေသရဲ့ဒုတိယနဲ့တတိယ အကြီးဆုံးနိုင်ငံများဖြစ်တဲ့အတွက် ခန့်မှန်းတွက်ချက်ကြည့်တဲ့အခါ အာရှဒေသတစ်ခုလုံးရဲ့ တိုးတက်မှုဟာ ကျန်ဖွံ့ဖြိုးနေတဲ့ဒေသများထက် မြင့်မားနေမယ်ဖြစ်ကြောင်း၊ အဲဒီလိုမြင့်မားရခြင်းဟာ အဓိကအားဖြင့် တရုတ်နဲ့အိန္ဒိယနိုင်ငံတို့အတွင်း စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ပုံများ ခိုင်မာတောင့်တင်းမှုကြောင့်ဖြစ်ကြောင်း"(Economist Intelligence Unit- EIU) က သုံးသပ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ တစ်ဖက်သတ်တင်းကျပ်စွာ စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်လို့ ၂၀၀၃ခုနှစ် ဇူလိုင်လ ၁၇ရက် ဝါရှင်တန်ပို့စ်သတင်းစာမှာ ဂျော်ချ်တောင်း တက္ကသိုလ် နိုင်ငံခြား ဆက်ဆံရေးဌာန အာရှရေးရာ ဒါရိုက်တာ ဒေးဗစ်အိုင်စတိုင်းဗတ်က "Engage Burma is The best policy" ခေါင်းစဉ်နဲ့ အခုလို ရေးသားဖော်ပြခဲ့ပါတယ်။

**"အမေရိကန်အစိုးရရဲ့ ဆောင်ရွက်ချက်တွေဟာ ပြင်ပကမ္ဘာနဲ့ အဆက်ပြတ် အထီးကျန်ဖြစ်စေပြီး တရုတ်ရဲ့ ဩဇာနယ်ပယ်အောက်ကို ပိုမို ကျရောက်သွားနိုင်ပါတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးပိတ်ဆို့ပြီး အထီးကျန်ဖြစ်အောင် ကျယ်ပြန့်စွာဆောင်ရွက်လိုက်ရင် အပြောင်းအလဲတွေဖြစ်ပေါ်စေမယ်လို့ ယူဆချက်ဟာ များစွာသံသယဖြစ်ဖွယ် ရှိပါတယ်။ ၁၉၉၇ ခုနှစ်က မြန်မာအပေါ် ပိတ်ဆို့ရေးပြဋ္ဌာန်းဆောင်ရွက်ချက်များဟာ အလုပ်မဖြစ်ပါ။ မြန်မာ အိမ်နီးချင်းနိုင်ငံများကလဲ လိုလားလက်ခံမှုမရှိကြပါ။ ပိုမိုပိတ်ဆို့အရေးယူမှုပြုတာဟာ ပိုမိုပြီးအဖော်မဲ့တဲ့ အထီးကျန်ဖြစ်အောင် ဆောင်ရွက်တာပါပဲ။ ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်မှန်သမျှ ပြတ်တောက်မှု၊ သံတမန်ရေး၊ စီးပွားရေး၊ ဧကစာရီကျင့်မှုကို ပိုမိုမြင့်မားလာစေမှုတွေဟာ ပြုပြင်ပြောင်းလဲရေးကိုဆောင်ကြဉ်းလာမယ် မဟုတ်ပါ။ တပ်မတော်ရဲ့ နိုင်ငံခြားသား မုန်းတီးမလိုလားမှုစိတ်ဓာတ်ကို ပိုမိုအားဖြည့်ပေးသလိုသာ ဖြစ်ပါစေလိမ့်မယ်။ ကျွန်တော်တို့ လိုချင်တဲ့ ရည်ရွယ်ချက် ထမြောက်မယ်မဟုတ်ပါ။ ဂျပန်၊ ဥရောပသမဂ္ဂ၊ အာဆီယံနိုင်ငံများနဲ့ စုပေါင်းလုံ့လပြုပြီး ထိရောက်လက်တွေ့ကျတဲ့ ပြောင်းလဲမှုတွေ မြန်မာနိုင်ငံ ဆောင်ရွက်လာဖို့ကိုသာ အားပေးထိုက်ပါတယ်။ မြန်မာရဲ့ လိုအပ်တဲ့အခြေအနေကို တရုတ်နိုင်ငံဘက်ကပါ ဝေဖန်သတိပေးတဲ့ အဆင့်ရောက်လာအောင် စည်းရုံးသိမ်းသွင်းဖို့လိုပါတယ်။ တပ်မတော်ကို အာဏာစွန့်လွှတ်ဖို့ တောင်းဆိုမှု၊ ဖိအားပေးမှုတွေဟာ အလုပ်ဖြစ်မှာမဟုတ်ပါ။ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးချိန်ကတည်းက တပ်မတော်ဟာ အရေးပါအရာရောက်လာခဲ့ပြီး အနာဂတ်အရပ်သားအစိုးရတွေ လက်ထက်မှာလဲ အဲဒီအနေအထားဟာ ဆက်လက်တည်ရှိနေပါလိမ့်ဦးမယ်"**

အခုလို အမေရိကန်ရဲ့လုပ်ရပ်တွေဟာ အရင်းရှင်စနစ်ရှင်သန်ရေး၊ ဒီမိုကရေစီထွန်းကားရေးအတွက် အပြုပိုင်းမဟုတ်ဘူးဆိုတာကို သုံးသပ်ပြခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့တစ်ဖက်သတ်တင်းကျပ်စွာ ပိတ်ဆို့အရေးယူမှုဟာ မြန်မာနိုင်ငံအဖို့ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအပြင် အာရှစက်မှုနိုင်ငံကြီးများနဲ့ပါ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားဖို့ တွန်းအားတစ်ရပ်သာဖြစ်တယ်။ စိုင်ကော်ရင်ချုံပေါ်ရောက်ဖို့ တွန်းအားသာဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၇-၉-၂၀၀၃ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာ့သံစဉ်ချိုနှာဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီး၊ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်
**"အတိတ်ကံစွမ်းကြောင့် ပစ္စုပ္ပန်တွင် ဖြစ်ပေါ်လာပုံ"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ဆို၊က၊ရေး၊တီး၊ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာ့သံစဉ်ချိုနှာဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ်(စာရင်းအင်းပညာ)
(ခ)ပထမနှစ်(အရှေ့တိုင်းပညာ)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
**"ဖန်ခြေနင်းနဲ့ယမင်းရွှေစင်"**
(အပိုင်း-၁)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
**"သိုင်းညီနောင်"**
(အပိုင်း-၁၂)

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့) (၂၈-၉-၂၀၀၃)
၂၀၀၃ ခုနှစ်၊ အောက်တိုဘာလအတွက်
(၁၂-၁၀-၂၀၀၃)ရက်နေ့
နှင့်
(၂၆-၁၀-၂၀၀၃)ရက်နေ့

## ခုနစ်ရက်တရားစခန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၆**

မော်လမြိုင်မြို့ တောင်ဝိုင်းရပ် ဓမ္မရက္ခိတ မိုးကုတ်ဝိပဿနာရိပ်သာကြီး၌ အောက်တိုဘာ ၇ ရက် ညနေ ၅ နာရီမှစ၍ (၂၉)ကြိမ်မြောက် ခုနစ်ရက်အထူးတရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နယ်လှည့်သာသနာပြု မိုးကုတ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ လူမှုထူးချွန်(တတိယဆင့်) မော်လမြိုင်ဆရာတော်ချင်းတွင်းအရှင်ကလျာဏနှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) အောင်တော်မူဆရာတော် ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နယ်လှည့်ဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏစရတို့ကဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

## ရွှေပြည်ဟိန်းဆရာတော် တရားဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

စစ်ကိုင်းတောင်ရိုး ရွှေကျောင်းနှင့် ရန်ကုန်မြို့ရွှေပြည်ဟိန်းကျောင်း ပဓာန နာယက ဆရာတော် ပိဋကတစ်ပုံခွဲဆောင် အရှင်ခေမာ သိရီလင်္ကာရသည် သီတင်းကျွတ်လဆန်း ၃ ရက် ညတွင် မန္တလေးမြို့ လက်ချိတ်တန်း မလွန်ဆန်လှူ ဓမ္မသဘင်၌လည်းကောင်း၊ ၅ ရက်၊ ၆ရက်ညတွင် ဝန်းသိုမြို့ ကျောင်းရေစက်ချ တရားပွဲ၌လည်းကောင်း၊ ၈ ရက် နံနက်တွင် ရန်ကင်းပြည်သာယာဓမ္မာရုံ၊ မွန်းလွဲ ၂ နာရီတွင် တောင်ဥက္ကလာပ(၉)လူထုဓမ္မာရုံ၊ ည၇ နာရီတွင် စမ်းချောင်း မြသိန်းတန်ဓမ္မာရုံ၌လည်းကောင်း တရားတော်များဟောကြားမည်။ **(က-ပ)**

## ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

**ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့**

# နိုင်ငံတော်အတွက်စစ်မှန်သော ဒီမိုကရေစီ

# စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်သစ်သို့



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကန္တာဟောဝန် ပန်းဥယျာဉ်တွင် ကျင်းပရာ သဘာပတိ လွိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစိန်ဦး မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)**

✡ *ကျောဖုံးမှ*

'နိုင်ငံတော်အစိုးရအနေဖြင့် ကိုယ့်အမျိုးသားစွမ်းအားစုများ၏ စွမ်းပကားကို အားပြုပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိဖြစ်ထွန်းနေပြီဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်း အမျိုးသား စည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများစသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ များစွာ ပေါ်ထွန်းနေပြီးဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း'ဟု မိန့်ကြားခဲ့ကြောင်း။

ဤသို့ နိုင်ငံတော်ကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ခဲ့ခြင်းသည် နိုင်ငံတော် အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့၍ပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်တွင် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အကျဉ်းချုပ်တင်ပြရမည်ဆိုလျှင် ပညာရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များ ဘက်စုံကဏ္ဍစုံမှ ပေါ်ထွန်းလာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ ဤသည် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း၊ ပညာသင်ယူမှုအခွင့်အလမ်းများတိုးပွားစေရန်အတွက် အခြေခံပညာအထက်တန်းကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ၁၉၈၈ ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၃၀၀၀ ကျော်သာရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် အခြေခံပညာကျောင်းခွဲနှင့် တွဲဖက်ကျောင်းများ အပါအဝင် အခြေခံပညာ ကျောင်းပေါင်း ၄၀၀၀၀ ကျော် ရှိလာခဲ့ကြောင်း၊ ကျေးလက်ဒေသများတွင်လည်း အလယ်တန်းပညာ ဆက်လက်သင်ယူနိုင်ရန်အတွက် မူလတန်းလွန်ကျောင်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် ကိုလိုနီစနစ်၏ဆိုးမွေနှင့် ခေတ်အဆက်ဆက် အားနည်းချက်များကြောင့် သက်ကြီးစာမတတ်သူဦးရေ များပြားခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ စာမတတ်သူပပျောက်ရေးအတွက် 'အသုံးလုံး'ကျေ သင်တန်းများကို နယ်စပ်ဒေသများမကျန် တစ်နိုင်ငံလုံး ဖွင့်လှစ်ပေးခြင်းကြောင့် စာတတ်မြောက်မှု ရာခိုင်နှုန်းသည် ၇၈ ရာခိုင်နှုန်းမှ ၉၂ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များတိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ဤကဲ့သို့ တိုးချဲ့ဖွင့်လှစ်ပေးမှုကြောင့် ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်နှင့် ကောလိပ် ၃၂ ခုရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ ခုထိရှိလာပြီဖြစ်ကြောင်း၊ မဟာဘွဲ့သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း မဟာဘွဲ့ရ ၉၀၀၀ ကျော်နှင့် ပါရဂူဘွဲ့ရ ၂၀၀ ကျော်ပေါ်ထွန်းခဲ့ကြောင်း၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များအနေဖြင့်လည်း နည်းပညာတက္ကသိုလ်လေးခု၊ ကွန်ပျူတာ တက္ကသိုလ်နှစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ ခု၊ အစိုးရကွန်ပျူတာကောလိပ် ၂၄ ခု၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တစ်ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ခုနှင့် စက်မှုလက်မှုသိပ္ပံကိုးခုအထိ ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရာတွင် နိုင်ငံသားများ ပညာရည် မြင့်မားရန်သာမက ကျန်းမာကြံ့ခိုင်ရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များဖြစ်သော ဆေးရုံများကို တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် အထွေထွေအထူးကုဆေးရုံကြီးများအပါအဝင် ဆေးရုံပေါင်း ၆၀၀ ကျော်သာရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၀ ကျော်ရှိလာကြောင်း၊ ဒေသန္တရ ဆေးပေးခန်း ၈၄ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၀၀ ကျော်ထိ တစ်နိုင်ငံလုံးဖွင့်လှစ်နိုင်ခဲ့ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းဒုတိယပိုင်းတွင်ပါရှိသော နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ ကောက်နုတ်တင်ပြရလျှင် နိုင်ငံတော် ဝန်ကြီးချုပ်က–

"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းသွားနိုင်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံရေးပြောင်းလဲမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့၏ လုပ်ဆောင်ချက်များသည် မြေစမ်းခရမ်းပျိုးလုပ်နေခြင်းမျိုးမဟုတ်ဘဲ အတိတ်ကာလက ကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်များထဲက အားနည်းချက် အားသာချက်များကို လေ့လာပြီး အကင်းမသေသေးသော သမိုင်း၏ ဒဏ်ရာဒဏ်ချက်များကို ကုစားရင်း အနာဂတ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း"ဟူ၍ ထည့်သွင်းမိန့်ကြားခဲ့ကြောင်း။

တကယ်တော့ ဒီမိုကရေစီဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံ၏ သမိုင်းကြောင်း အခြေခံနှင့် ပကတိအခြေအနေပေါ်တွင်သာ တည်မှီ ရုပ်လုံးဖော်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်သုံးမှုသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ တူညီမှုမရှိနိုင်ကြောင်း၊ ယနေ့ ဒီမိုကရေစီစနစ်ကျင့်သုံးနေသော နိုင်ငံများနှင့် မိမိတို့နိုင်ငံ၏ နောက်ခံသမိုင်းကြောင်းနှင့် ပထဝီအနေအထားများ၊ လူမျိုး၏ ယဉ်ကျေးမှု ဓလေ့စရိုက်များသည် ကွဲပြားခြားနားမှုရှိနေကြောင်း၊ ဤသို့ ကွဲပြားခြားနားမှုများကြောင့် မိမိတို့အနေဖြင့် တိုင်းတစ်ပါးက ဒီမိုကရေစီကို ပုံတူကူးချပြီး ချက်ချင်းပုံဖော် ပြောင်းလဲ၍မရနိုင်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း တတိယပိုင်းတွင်ပါရှိသော နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်လက်ပြီး ဆောင်ရွက်သွားမည့် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို တင်ပြလိုကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နှစ်ပေါင်းထောင်ချီဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသော ပြည်ထောင်စုကြီး၏ သမိုင်းကြောင်းအစဉ်အလာကို မထိခိုက်သော၊ မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မထိပါးသော၊ အမျိုးသားရေး စရိုက်လက္ခဏာ မယိုယွင်းစေသော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ပီပြင်စွာဖြစ်ထွန်းရေးသည် အဓိကဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အမျိုးသားရေးဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်နှင့်လည်း ဆီလျော်ညီညွတ်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာရေး၊ ခေတ်မီ



**ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှကယားတိုင်းရင်းသား ဦးပိုးရယ်အောင်သိန်းက အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကန္တာဟောဝန်ပန်းဥယျာဉ်တွင်ကျင်းပရာ လူထုအစည်းအဝေးပွဲကြီးသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားပြည်သူများကို တွေ့ရစဉ်။ (သတင်းစဉ်)**

ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်အဆင့် ခုနစ်ရပ် ROAD MAP ကို ချမှတ်ပြီး ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

ဤလုပ်ငန်းစဉ်အဆင့်ဆင့်မှာ–

**ပထမအဆင့်** – ၁၉၉၆ ခုနှစ်မှစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း။

**ဒုတိယအဆင့်** – အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။

**တတိယအဆင့်** – အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့် မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ရေးဆွဲခြင်း။

**စတုတ္ထအဆင့်** – ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း။

**ပဉ္စမအဆင့်** – ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း။

**ဆဋ္ဌမအဆင့်** – ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း။

**သတ္တမအဆင့်** – လွှတ်တော်မှရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်း

# စီးပွားကူးသန်း ရှေ့သို့လှမ်း

# ဒီမိုကရေစီပေါ်ထွန်းရေး ရှေ့လုပ်ငန်းစဉ်မူဝါဒချမှတ်ရပ်သည် သစ်သို့ရောက်အောင်ညွှန်ပြသည့် လမ်းညွှန်မြေပုံဖြစ်သည်



**အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ကေသီမျိုးမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးခိုင်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိကြရာ အသီးတစ်ရာ အညှာတစ်ခုဆိုသည့်အတိုင်း ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန်ကွဲပြားသယောင် ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်မှာ အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားချင်းများဖြစ်ကြပါသည်။**

စသည်တို့ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်ရန်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျ အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ အကောင်အထည်ဖော်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ရေးဆွဲရန်လိုအပ်ကြောင်း၊ ထိုသို့ ရေးဆွဲနိုင်ရန်အတွက် နိုင်ငံတော်က အမျိုးသားညီလာခံ ကျင်းပနိုင်ရေးအတွက် ၁၉၉၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားညီလာခံကျင်းပရာတွင် ဖော်ပြပါ ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊

**(၁) ပြည်ထောင်စုမပြိုကွဲရေး၊**
**(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊**
**(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊**
**(၄) စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊**
**(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများပိုမိုထွန်းကားရေး၊**
**(၆) နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်ရေးတို့ ဖြစ်ကြောင်း။**

ဤဦးတည်ချက်များနှင့်အညီ ကျင်းပခဲ့သော အမျိုးသားညီလာခံတွင် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ ဖွဲ့စည်းပြီး သဘာပတိများ ရွေးချယ်တင်မြှောက်၍ဆွေးနွေးချက်စာတမ်းများဖြင့် အကြံပြုဆွေးနွေးခဲ့ကြကြောင်း၊ သို့သော်လည်း မြေပေါ်နိုင်ငံရေးအင်အားစုတစ်ခုဖြစ်သော အင်န်အယ်လ်ဒီပါတီသည် ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်၏ အနာဂတ်ရေးကို လျစ်လျူရှုပြီး အမျိုးသားရေးထက် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ သဘောထားဖြင့် မိမိပါတီအရေးကို ဦးစားပေးပြီး ညီလာခံဆွေးနွေးပွဲခန်းမကို ကျောခိုင်းထွက်ခွာခဲ့ကြောင်း၊



**ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နော်ဟဲလေထူးက ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)**



**ကယားပြည်နယ် ဒီမောဆိုမြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင် ဒေါ်တင်တင်အုန်းက ထပ်ဆင့် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)**

နိုင်ငံတော်နှင့် တိုင်းရင်းသားများ၏ ရေရှည်အကျိုးစီးပွားအတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ကို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း။

မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းရန်သည် အမျိုးသားစီးပွားဘဝ ခိုင်မာတောင့်တင်းရန် လိုအပ်ကြောင်း၊ စီးပွားရေးအခြေခံ အဆောက်အအုံများ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရန်အတွက် ပြည်တွင်း၌ရှိသော သယံဇာတ စွမ်းအား၊ နိုင်ငံသူနိုင်ငံသား အသိပညာရှင် အတတ်ပညာရှင်များနှင့် ပြည်သူ တစ်ရပ်လုံး၏ စုစည်းညီညွတ်သော စွမ်းအားဖြင့် ကြိုးပမ်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ ရောက်ရှိရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် မူဝါဒလမ်းစဉ်သည် မိမိတို့၏ကိုယ်ပိုင်လမ်းစဉ်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး၏ သမိုင်းကြောင်း အစဉ်အလာကို ထွန်းပြောင်စေမည့်၊ မိမိတို့နိုင်ငံနှင့် မိမိတို့ လူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို မညှိုးနွမ်းစေမည့် အမျိုးသားရေးစရိုက်လက္ခဏာကို ပီပြင်စေမည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်မည့်လမ်းစဉ်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ကြားခဲ့သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်သည် မှန်ကန်သော မူဝါဒလမ်းစဉ်ဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကိုယ်ပိုင်လုပ်ငန်းစဉ်လည်း ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းအဆင့်ဆင့် ခုနစ်ရပ်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရေးအတွက် နိုင်ငံသူနိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၊ ကယားပြည်နယ်သူ ပြည်နယ်သားအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အင်တိုက်အားတိုက် တစ်ခဲနက် ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့်ပြောကြားသည်။

***စာမျက်နှာ ၁၁ ကော်လံ ၁ သို့***



# ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးမြင်ကွင်းများ



ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ကူးသန်းရောင်းဝယ်မှု လွယ်ကူ အဆင်ပြေစေရန်အတွက် တည်ဆောက်ပေးထားသည့် ကန္တာရဝတီနှစ်ထပ်ဈေးသစ်ကြီး။



ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တည်ဆောက်ပေးထားသည့် လွိုင်ကော်မြို့ မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း။

ကယားပြည်နယ်အတွင်း လယ်ယာကဏ္ဍ၌ ၁၉၈၈ခုနှစ်က စိုက်ပျိုးမြေဧက စုစုပေါင်း ၁၈၅၀၀၀ ကျော်ရှိခဲ့ရာမှ ယခုအခါ စိုက်ပျိုးမြေဧက ၂၀၀၀၀၀ကျော်အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။ ဆည်မြောင်းတာတမံများအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက ငွေတောင်ဆည်နှင့် မိုးပြေရေလှောင်ကန်တို့သာရှိခဲ့ရာမှ ယခုအခါ ဒေါတချရေလှောင်တမံ၊ လွိုင်နန်းဖရေလှောင်တမံတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ရေသောက်ဧရိယာဧက ၃၆၀၀၀ကျော်အထိ စိုက်ပျိုးရေပေးဝေနိုင်ပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းအရှည်စုစုပေါင်း ၃၉၆ မိုင် ရှိခဲ့ရာမှ ယခုအခါ ၅၈၅မိုင်အထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

ဆက်သွယ်ရေးကဏ္ဍတွင် ၁၉၈၈ ခုနှစ် မတိုင်မီက တယ်လီဖုန်းအိတ်ချိန်း၊ ဆက်သွယ်ရေးစာတိုက်၊ ကြေးနန်းစခန်း စုစုပေါင်း ၁၄ ခုရှိခဲ့ရာမှ ယခုအခါ မိုက်က္ကရိုဝေ့ဗ်စခန်း ၁၃ ခုအပါအဝင် စုစုပေါင်း ၄၉ ခုအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

ကျေးလက်ဒေသ ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအရ ကျေးရွာလေးရွာတွင် လိုင်း ၅၀ပါ အော်တိုအိတ်ချိန်းလေးခု တပ်ဆင်ပေးနိုင်ခဲ့သည်။ ကျန်းမာရေးကဏ္ဍတွင် တိုက်နယ်ဆေးရုံ ရှစ်ရုံ တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့သည်။ ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၃၈၃ကျောင်းအထိ တိုးတက်လာခဲ့သည်။



ကယားပြည်နယ် ဒီမောဆိုမြို့နယ် လွိုင်နန်းဖကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်ပြီး ၅-၃-၂၀၀၂ ရက်က ဖွင့်လှစ်ပေးခဲ့သည့် လွိုင်နန်းဖ ရေထိန်းတမံကို တွေ့ရစဉ်။



## ဘီလူးချောင်းအမှတ်(၁)

## ရေအားလျှပ်စစ်ရေလွှဲဆည်

ကယားပြည်နယ် ဘီလူးချောင်း အမှတ်(၁) ရေအားလျှပ်စစ်ရေလွှဲဆည်ကို တွေ့ရစဉ်။

ဘီလူးချောင်း(၁) ဓာတ်အားပေးစက်ရုံသည် လောပိတ ဓာတ်အားပေး စက်ရုံနှင့် ညီအစ်ကိုတော်စပ်သော စက်ရုံဖြစ်သည်။ အင်းလေးကန်မှ စတင်စီးဆင်းသော ဘီလူးချောင်းသည် လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် ခုနစ်မိုင်ခွဲခန့် အကွာတွင် ရေတံခွန်အဆင့်ဆင့်ဖြစ်ပေါ်ကာ ပွန်ချောင်းနှင့် ပေါင်းဆုံသွားသည်။ ယင်းရေတံခွန်များသည် မြစ်ညာမှ မြစ်ခြေအတိုင်း အုပ်စုသုံးခုခွဲ၍ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ရေတံခွန်အုပ်စုသုံးခုကြောင့် ဖြစ်ပေါ်လာသော သဘာဝအနိမ့်အမြင့် ကွာခြားမှုကို အသုံးချ၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၉ မှ

**ဆက်လက်၍ “နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကျရာ အခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး”အဆိုကို ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ကယားတိုင်းရင်းသား ဦးပိုးရယ်အောင်သိန်းက တင်သွင်းရာတွင်–**

ယနေ့ကျင်းပသော လူထုအစည်းအဝေးကြီးတွင် မိမိ အနေဖြင့် “နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး” အဆိုကို အလေးအနက် တင်သွင်းသွားမည် ဖြစ်ကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသား စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့ တွင် တစ်ဆက်တစ်စပ်တည်းဖြစ်ထွန်းပြီး အပြန်အလှန် အကျိုးပြုနေသည့် အကျိုးတရားများပင်ဖြစ်ကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဖြစ်ထွန်းမှသာ နိုင်ငံတော်တည်ငြိမ် အေးချမ်းမည်ဖြစ်သကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း ထိုမှသာ အမျိုးသား စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အစိုးရသည် နိုင်ငံတော်၏ တာဝန်ကိုရယူခဲ့ချိန်တွင် အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေးတို့ကို ပထမဦးစားပေး လုပ်ငန်း တာဝန်ကြီးများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ပြိုင်တည်းမှာပင် အမျိုးသား စီးပွားရေးဘဝ ခိုင်မာတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေမည့် စီးပွားရေး၊ လူမှုရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရအောင် အမျိုးသားစီမံကိန်းအဆင့်ဆင့်ကို ချမှတ်ပြီး စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေး စွမ်းအားစုများ၏ စွမ်းပကားကို အားပြုပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း အမျိုးသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများ အမျိုးသားစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ၊ နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများစသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း အကျိုးရလဒ်ကောင်းများ များစွာပေါ်ထွန်းနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံတော်၏ တာဝန်ယူချိန်တွင် အမျိုးသား စီးပွားရေးမူဝါဒကို ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးသော ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည့်အတွက် အမျိုးသားစီးပွားရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း လိုက်လျောညီထွေ ဖြစ်လာခဲ့ကြောင်း။

စီးပွားရေး အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်နေသော လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ် ကောလိပ်များနှင့် ဆေးရုံကြီးများစသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ခဲ့ကြောင်း။

ဤကဲ့သို့ နေ့ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် တစ်မျိုးသားလုံး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)သည်လည်း ပြန်လည်ဦးမော့လာခဲ့ကြောင်း၊ ၁၉၈၉–၉၀ ဘဏ္ဍာနှစ်မှ ၁၉၉၁–၉၂ ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း (GDP) တိုးတက်မှုနှုန်းသည် တစ်နှစ်ပျမ်းမျှ ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ ၁၉၉၂–၉၃ မှ ၁၉၉၅–၉၆ ကာလတို လေးနှစ်စီမံကိန်းကာလ ကုန်ဆုံးချိန်တွင် နိုင်ငံတော်၏ (GDP) သည် တစ်နှစ်ပျမ်းမျှ ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း။

ဆက်လက်ပြီး ၁၉၉၆–၉၇မှ ၂၀၀၀–၂၀၀၁ ဒုတိယကာလတို ငါးနှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့ရာ (GDP) သည် တစ်နှစ်ပျမ်းမျှ ၈ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်ကို တွေ့ရကြောင်း။

လက်ရှိ အကောင်အထည်ဖော်နေဆဲဖြစ်သော ၂၀၀၁–၂၀၀၂မှ ၂၀၀၅–၂၀၀၆ ကာလတို ငါးနှစ်စီမံကိန်းကာလ၏ စီမံကိန်း ဒုတိယနှစ်ဖြစ်သော ၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ်တွင် ၁၁ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်ကို တွေ့ရကြောင်း။



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကိုကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကန္တာရဟောဝန်ပန်းဥယျာဉ်တွင်ကျင်းပရာတက်ရောက်လာကြသည့် တိုင်းရင်းသား ပြည်သူများကို တွေ့ရစဉ်။**

**(သတင်းစဉ်)**

တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှစပြီး နိုင်ငံတော် တာဝန်အရပ်ရပ်ကို မလွဲမရှောင်သာ ရယူခဲ့ရကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကြီးတစ်ခုလုံး၏ တာဝန်ကို ရယူထမ်းဆောင်လိုက်ရသည့်အချိန်မှ စပြီး တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းနေသော နိုင်ငံတစ်ဝန်းလုံး၏ အခြေအနေများကို ပုံမှန်ပြန်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် အနာဂတ်ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုဖြစ်အောင် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ အကောင်အထည်ဖော်ခဲ့ကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းများ ဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း အထိုက်အလျောက် တည်ဆောက်နိုင်ခဲ့သည့်အတွက် ၁၉၉၂ ခုနှစ်တွင် အမျိုးသားညီလာခံ ကျင်းပရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားညီလာခံဆိုသည်မှာ အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ်ပုံဖော်နိုင်ရန် ကျင့်သုံးရမည့် အခြေခံဥပဒေတစ်ရပ် ရေးဆွဲနိုင်ရေးအတွက် လိုအပ်သော အခြေခံမူများကို ဆွေးနွေးအဖြေရှာသော ညီလာခံဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများကို အမျိုးသားညီလာခံကြီးတွင် တရားဝင်ဆွေးနွေးခွင့်နှင့် ဆန္ဒဖော်ထုတ်ခွင့်ပေးခဲ့ကြောင်း၊ ခေတ်အဆက်ဆက်က နိုင်ငံရေးလောကသားများ မျှော်လင့်တောင့်တခဲ့ကြသောအမျိုးသားညီလာခံကြီးကိုနိုင်ငံရေးအင်အားစုများ စုံစုံညီညီဖြင့် ပါဝင်နိုင်အောင် စီစဉ်ဆောင် ရွက်ပေးခဲ့ကြောင်း၊ ယင်းကဲ့သို့ အမျိုးသားညီလာခံကြီး ကျင်းပပေးခြင်းသည် နောင်အနာဂတ်တွင် လူတန်းစားအားလုံး၏ ဆန္ဒသဘောထားနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာအောင် ကျင်းပပေးခြင်းလည်းဖြစ်ကြောင်း။

သို့သော်လည်း အင်န်အယ်ဒီပါတီသည် ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော် အနာဂတ်အရေးကို အလေးမထား အမျိုးသားရေးထက် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သဘောထားဖြင့် မိမိပါတီတစ်ခုတည်း၏ အရေးကိုသာ ဦးစားပေးပြီး အမျိုးသားညီလာခံကြီးပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်ခဲ့ကြောင်း၊ ဤသည့်ကြောင့် နိုင်ငံရေးဆိုင်ရာ တိုးတက်ဖြစ်ပေါ်ရေးကြိုးပမ်းမှုများသည် လမ်းတစ်ဝက်၌ပင် တုံ့ဆိုင်းနှေးကွေးသွားခဲ့ရကြောင်း။

ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးသည် အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါဆုံးသော့ချက်ပင် ဖြစ်ကြောင်း။

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက “နိုင်ငံတော်၌ မည်သည့်စနစ်ကိုကျင့်သုံးသည်ပင်ဖြစ်စေ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်သည်သာမက ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို အစဉ်တစိုက် ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရမည်”ဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။**

သဘာပတိကြီး၏ အဖွင့်မိန့်ခွန်းတွင် နိုင်ငံတော်၏ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ဖော်ပြသွားပြီးဖြစ်ကြောင်း ဤမူဝါဒလမ်းစဉ် ခုနစ်ရပ်မှာ–

(၁) ၁၉၉၆ ခုနှစ်မှစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း။
(၂) အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။
(၃) အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ရေးဆွဲခြင်း။
(၄) ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း။
(၅) ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း။
(၆) ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများကျင်းပခြင်း။
(၇) လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော် အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ခြင်းများသည် မြန်မာနိုင်ငံ၏ ROAD MAP ဖြစ်ကြောင်း။

နိုင်ငံတော်၏ အမျိုးသားမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်နှင့် ဆီလျော်ညီညွတ်သော ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးတို့အတွက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နိုင်ငံရေးလုပ်ငန်းစဉ်ခုနစ်ရပ်သည် အနာဂတ် နိုင်ငံတော်အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် အလွန်ပင်အရေးကြီးလှကြောင်း။

နိဂုံးချုပ်အနေဖြင့် အလေးအနက်အဆိုပြုတင်သွင်းသည်မှာ–

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပီပြင်စွာ ထွန်းကားရေးသည် အဓိကဖြစ်ကြောင်း။ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ကြိုးပမ်း အကောင်အထည်ဖော်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်နှင့် ဆီလျော်ညီညွတ်သော ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် တစ်ရပ် ပေါ်ထွန်းလာရေးသည် အလွန်အရေးကြီးကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ကြားခဲ့သော “နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး” အဆိုကို လေးလေးနက်နက် အဆိုပြုတင်သွင်းအပ်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

**ထို့နောက် “နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး”အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးကြရာ၌ ရှေးဦးစွာ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နော်ဟဲလေထူးကထောက်ခံဆွေးနွေးရာတွင်–**

မိမိအနေဖြင့် အဆိုရှင် ဦးပိုးရယ်အောင်သိန်းတင်သွင်းသွားသော နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်းပါ “နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကျရာ အခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး”အဆိုကို အလေးအနက် ထောက်ခံသွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မိန့်ခွန်းပထမပိုင်းတွင် တပ်မတော်အစိုးရ စတင်တာဝန်ယူချိန်မှစပြီး ယနေ့အထိ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအသီးသီးတွင် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု ဖြစ်စဉ်ကို ဝမ်းမြောက်အားတက်ဖွယ်သိရှိရကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်းတွင် နိုင်ငံတော်၏ အဘက်ဘက်မှ ယိုးယွင်းနေသော အခြေအနေများမှ ပြန်လည်ကယ်တင်ခဲ့ပြီး စီးပွားရေး၌ ပုဂ္ဂလိကလုပ်ငန်းကိုအားပေးသော ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးခဲ့ကြောင်းကို ပြောကြားခဲ့ကြောင်း၊ ခေတ်မီစက်မှုကုန်ထုတ်လုပ်ငန်းများကို အခြေခံသော စီးပွားရေးဘဝတိုးတက် ဖြစ်ထွန်းစေရန် နိုင်ငံတော်ပိုင် စက်မှုကုန်ထုတ်လုပ်ငန်းကြီးများ တိုးမြှင့်ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသအလိုက် စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် တိုင်းနှင့်ပြည်နယ်အနှံ့ စက်မှုဇုန်ကြီး ၁၈ဇုန်နှင့် နောက်ထပ် တိုးချဲ့စက်မှုဇုန်များ တည်ဆောက်ပေးခဲ့သည်ဟု ဖော်ပြပါရှိကြောင်း။

၁၉၈၈ ခုနှစ်ကာလ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံပေါင်း ၂၇၀၀၀ ကျော် ရှိခဲ့ရာမှ ယခုဆိုလျှင် ၅၁၀၀၀ ကျော်ရှိ လာပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်အောင် လမ်းသစ်များဖောက်၊ တံတားသစ်များ ဆောက်ပေးခဲ့ကြောင်း၊ လေယာဉ်ကွင်းသစ်များ ထပ်မံတည်ဆောက်ခဲ့ကြောင်း၊ ဆိပ်ကမ်းသစ်များ တိုးတက်တည်ဆောက်ပြီး နိုင်ငံတကာအဆင့်မီ ကုန်သေတ္တာစခန်းများ တိုးတက်ဖြစ်ထွန်းစေခဲ့ကြောင်း၊ အမျိုးသားပညာရည် မြင့်မားစေရန်အတွက်လည်း တက္ကသိုလ်၊ ကောလိပ်များနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရန် ဆေးရုံကြီးများ ထပ်မံတိုးချဲ့ တည်ဆောက်ပေးခဲ့ကြောင်း။

ဆက်သွယ်ရေးကဏ္ဍတွင် သတင်းနှင့် နည်းပညာသစ်များ အသုံးပြုပြီး နိုင်ငံတကာဆက်သွယ်ရေးစနစ် ကွန်ရက်၌ ချိတ်ဆက်အသုံးပြုနေပြီဖြစ်ကြောင်း၊ ထို့အပြင် သတင်းနှင့်ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Data Communication, e-mail, Internet, Intranet တို့ကိုလည်း အကောင်အထည်ဖော်ပေးနေပြီဖြစ်ကြောင်း။

မိမိတို့၏ ကယားပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်လာမှုကို ၁၉၈၈ ခုနှစ်နှင့်နှိုင်းယှဉ်ကြည့်မည်ဆိုလျှင်–

လယ်ယာကဏ္ဍ၌ ၁၉၈၈ ခုနှစ်တွင် စိုက်ပျိုးမြေဧကစုစုပေါင်း ၁၈၅၀၀၀ ကျော်ရှိခဲ့ရာမှ ယခုစိုက်ပျိုးမြေ ဧက ၂၀၀၀၀၀ ကျော်အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဆည်မြောင်းတာတမံများအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက ငွေတောင်ဆည်နှင့်မိုးဗြဲရေလှောင်ကန်တို့သာ ရှိခဲ့ရာမှ ယခုအခါ ဒေါတချ ရေလှောင်တမံ၊ လွိုင်နန်းဖရေလှောင်တမံတို့ကို တည်ဆောက်ပေးခဲ့ နိုင်ပြီဖြစ်၍ ရေသောက်ဧရိယာ ဧက ၃၆၀၀၀ ကျော်အထိ ရေပေးဝေစိုက်ပျိုးနိုင်ပြီ ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် ယခင် ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းအရှည်စုစုပေါင်း ၃၉၆ မိုင်ရှိခဲ့ရာမှ ယခုအခါတွင် စုစုပေါင်း ၅၈၅ မိုင်အထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်၍ ပြည်သူများကူးသန်းသွားလာမှု ပိုမိုလွယ်ကူ စေနိုင်ခဲ့ကြောင်း။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ယခင် ၁၉၈၈ ခုနှစ်မတိုင်မီက တယ်လီဖုန်းအိတ်ချိန်း၊ ဆက်သွယ်ရေး၊ စာတိုက်၊ ကြေးနန်းစခန်း စုစုပေါင်း ၁၄ခု ရှိခဲ့ရာမှ ယခုအခါတွင် မိုက္ကရိုဝေ့ဗ်စခန်း ၁၃ ခုအပါအဝင် စုစုပေါင်း ၄၉ခု အထိ တိုးတက်လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ကျေးလက်ဒေသဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအရ ကျေးရွာလေးရွာ၌ လိုင်း ၅၀ ပါ အော်တိုအိတ်ချိန်း လေးခု တပ်ဆင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

မိမိတို့၏ ပြည်နယ်ကဲ့သို့ပင် အခြားသော ပြည်နယ်၊ တိုင်းများတွင်လည်း နယ်စပ်ဒေသများပါမကျန် ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်နေသည်ကို

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

**စာမျက်နှာ ၁၁ မှ**

တွေ့ရှိရကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ပြီး ပြုစုပျိုးထောင် ပေးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပြည်နယ် ခုနစ်ခုနှင့် တိုင်းနှစ်တိုင်းတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ကိုင်ပေးနေသည်ကို တွေ့ရှိရပါကြောင်း၊ ယခုဆိုလျှင် ကချင်ပြည်နယ်က ပန်ဝါ၊ ရှမ်းပြည်နယ်က လောက်ကိုင်၊ မိုင်းလားစသည့် ဒေသများတွင် တိုးတက်မှုအရှိန်အဟုန်များသည် အထူးပင် မြင့်မားနေကြပြီဖြစ်သည်ကို တွေ့ရှိကြောင်း။

ဆက်လက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း၌ပါသည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပခြင်းဆိုသည့် အချက်နှင့်ပတ်သက်ပြီး အလေးအနက်ထားထောက်ခံတင်ပြလိုကြောင်း။

နိုင်ငံတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ၁၉၈၈-၈၉ ခုနှစ်များကတည်းက ပါတီများ ဖွဲ့စည်းခွင့်ပေးခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မေလတွင် တရားမျှတသော ပါတီစုံအထွေထွေ ရွေးကောက်ပွဲကျင်းပပေးခဲ့ကြောင်း၊ ၁၉၉၂ ခုနှစ် ဇွန်လထဲတွင် အမျိုးသားညီလာခံကြီးခေါ်ယူရန် ညှိနှိုင်းသဘောတူခဲ့ကြကြောင်း၊ ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှစပြီး အမျိုးသားညီလာခံကြီးကို ဦးတည်ချက်ခြောက်ရပ်ဖြင့် ပါတီစုံ၊ တိုင်းရင်းသားစုံ၊ အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်း၊ အခြားဖိတ်ကြားခံ ကိုယ်စားလှယ် စုစုပေါင်း ၇၀၂ဦးဖြင့် စတင်ကျင်းပဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြကြောင်း။

သို့သော်လည်း မြေပေါ်နိုင်ငံရေး အင်အားစုတစ်ခုဖြစ်သော အင်န်အယ်လ်ဒီပါတီသည် ၁၉၉၅ခုနှစ်တွင် နိုင်ငံ၏ အနာဂတ်ရေးကို အလေးမထားဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သဘောထားဖြင့် အမျိုးသားညီလာခံကြီးက ကျောခိုင်းထွက်ခွာသွားခဲ့၍ အမျိုးသားညီလာခံကြီးသည် ယာယီရပ်ဆိုင်းခဲ့ရကြောင်း။

ယနေ့ကာလသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို အခိုင်အမာ ပြန်လည်တည်ဆောက်နေချိန် ဖြစ်ကြောင်း၊ ဤသည်ကို တိုင်းချစ်ပြည်ချစ်စိတ်ရှိကြသူတိုင်း၊ ပြည်ထောင်စုစိတ်ဓာတ် ရှိကြသူတိုင်း သတိမူကြရမည်ဖြစ်ကြောင်း၊ နှစ်ပေါင်း ၁၀၀ကျော် နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရာမှ လွတ်မြောက်ခဲ့ပြီး ယနေ့ကမ္ဘာတွင် မြန်မာနိုင်ငံရယ်ဟု ရပ်တည်လာနိုင်ခြင်းသည် တိုင်းရင်းသားလူမျိုးအားလုံး၏ အသက်သွေးချွေးဖြင့် ပေးဆပ်ပြီးမှ လွတ်လပ်ရေး ရရှိခဲ့သည်ကို အစဉ်သတိရှိရန်လိုကြောင်း၊ ထို့ကြောင့် အမိမြန်မာပြည်ကြီး ကမ္ဘာ့အလယ်တွင် ထည်ဝါခံ့ညားစွာ ရပ်တည်သွားနိုင်ရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆိုရှင် ဦးပိုးရယ်အောင်သိန်းတင်သွင်းသွားသော "နိုင်ငံတော်ရှေ့ ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး" အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ **"နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေး အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး" အဆိုကို ကယားပြည်နယ် ဒီမောဆိုမြို့နယ် အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီဝင် ဒေါ်တင်တင်အုန်းက ထပ်ဆင့်ထောက်ခံဆွေးနွေးရာတွင်-**

မိမိအနေဖြင့် အဆိုရှင်ဦးပိုးရယ်အောင်သိန်းတင်သွင်းသွားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွအင်တိုက်အားတိုက် ပါဝင်ရေး အဆိုကို ထပ်ဆင့်ထောက်ခံသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းပိုင်းဆိုင်ရာ ရှင်းလင်းပြောကြားချက်များ၌ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၏ တိုးတက်အောင်မြင်မှုများကို ကိန်းဂဏန်း စာရင်းအင်းနှင့်တကွ ထင်ထင်ရှားရှား ဖော်ပြသွားခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ယနေ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အား၊ ပြည်ထောင်စုစိတ်ဓာတ်စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုးပြီး အမျိုးသားအကျိုးစီးပွား တိုးတက်ကြီးပွားအောင် လက်တွဲကြိုးပမ်း နေခြင်းကြောင့် အောင်မြင်မှုရလဒ်ကောင်းများ ရရှိနေသည်ဆိုသည်ကို အဆိုရှင်နှင့် ထောက်ခံသူတို့အနေဖြင့် တင်ပြသွားခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးကို ခေတ်မီနည်းပညာများဖြင့် မြှင့်တင်ယူရန် အရည်အချင်း မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များကို ယနေ့ပညာရေး နယ်ပယ်က လေ့ကျင့်ပျိုး ထောင်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ပညာရေးကဏ္ဍတွင် တိုးချဲ့ပြုပြင်မှုများ အားသွန်ခွန်စိုက်လုပ်ဆောင်နေကြောင်း၊ ၁၉၈၈ ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၃၀၀၀ ကျော်ရှိရာမှ ၂၀၀၃ ခုနှစ်တွင် ကျောင်းပေါင်း ၄၀၀၀၀ကျော်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ဆရာ ဆရာမ ၁၇၀၀၀၀ ကျော်ရှိပြီး ၂၀၀၃ခုနှစ်တွင် ၂၂၀၀၀၀ ကျော်ရှိလာကြောင်း၊ သက်ကြီးဝါကြီး စာမတတ်သူပပျောက်ရေး'အ'သုံးလုံးကျေ သင်တန်းများကြောင့် သက်ကြီးငါးသိန်းကျော် စာတတ်မြောက်သွားကြပြီဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်နှင့် ကောလိပ်ပေါင်း (၃၂)ခုသာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ဒီဂရီကောလိပ်နှင့်ကောလိပ်စုစုပေါင်း ၁၅၄ခု ရှိလာခဲ့ပြီ ဖြစ်ကြောင်း။

သင်ကြားရေးပိုင်းကိုကြည့်လျှင်လည်း ယခင် ၁၉၈၈ ခုနှစ်တွင် ပါမောက္ခမှ နည်းပြအဆင့်ထိ တက္ကသိုလ်ဆရာ ဆရာမပေါင်း ၅၆၀၀ ကျော်သာရှိခဲ့ရာမှ ယခုဆိုလျှင် ဆရာ ဆရာမပေါင်း ၁၆၆၀၀ ကျော်အထိ တိုးတက်ခန့်ထားပြီး ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၁၉၈၈ ခုနှစ်အထိ တက္ကသိုလ်များ၌ မဟာဘွဲ့ အဆင့်အထိသာ သင်ကြားပေးနိုင်ခဲ့ပေမည့် ယခုအခါတွင် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် ဒီပလိုမာဘွဲ့များကို တိုးချဲ့ သင်ကြားပေးနိုင်ပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင်ဆိုလျှင်လည်း အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကု ဆေးရုံကြီးများကို အသစ်တည်ဆောက်ခြင်း၊ အဆင့်တိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆေးပညာရပ်ဆိုင်ရာ တက္ကသိုလ်များ၌လည်း ဆေးပညာဘွဲ့လွန် ဒီပလိုမာသင်တန်းများ၊ ဆေးပညာ မဟာသိပ္ပံဘွဲ့ သင်တန်းများ၊ ဆေးလက်တွေ့အခြေခံ ပါရဂူဘွဲ့ သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများကို တိုးချဲ့ဖွင့်လှစ် သင်ကြားပေးနေပြီဖြစ်ကြောင်း။

မိမိတို့ ကယားပြည်နယ်အနေဖြင့် ပညာရေးကဏ္ဍ၌ကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၃၃ ကျောင်းရှိခဲ့ရာမှ ယခုဆိုလျှင် ကျောင်းပေါင်း ၃၈၃ ကျောင်းအထိ တိုးတက်လာခဲ့ကြောင်း၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၇၀၀၀ကျော်နှင့် ဆရာဆရာမ စုစုပေါင်း ၁၇၆၀အထိ တိုးတက်များပြားလာခဲ့ကြောင်း၊ ထို့အပြင် သင်ထောက်ကူစာသင်ခန်းရှစ်ခု၊ Electronic Learning Centre ရှစ်နေရာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကယားပြည်နယ်၌ရှိသော ကျောင်းသားကျောင်းသူများ အဆင့်မြင့် ပညာရပ်များ သင်ယူစေနိုင်ရန်အတွက်လည်း လွိုင်ကော်ကောလိပ်ကို ၁၄-၅-၂၀၀၃ ရက်တွင် လွိုင်ကော်တက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ် တစ်ခုစီကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကယားပြည်နယ် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ယခင်က ကျေးလက်ကျန်းမာရေးဌာန ၁၆ခု ရှိရာမှ ယခုဆိုလျှင် ၁၉ ခုထိ၊ ယခင်က တိုက်နယ်ဆေးရုံ လေးရုံရှိခဲ့ရာမှ ယခုဆိုလျှင်တိုက်နယ်အဆင့်ဆေးရုံ ရှစ်ရုံအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ထို့ပြင် လွိုင်ကော်မြို့တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း။

ဤနေရာတွင် ထူးခြားသော ဆောင်ရွက်ချက်ကမှု နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများပင်ဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးသည် ခေတ်အဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ရစ်ခဲ့ရကြောင်း၊ တပ်မတော်အစိုးရသည် နယ်စပ်ဒေသ ဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများ ပိုမိုအလေးထား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသဆိုင်ရာ ဝန်ကြီးဌာနအသစ်တစ်ခုကိုဖွဲ့စည်းပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးတို့ကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို မျက်ဝါးထင်ထင် မြင်တွေ့ကြရမည်ဖြစ်ကြောင်း။

ဤနယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ် ခုနစ်ခု၊ တိုင်း ခုနစ်ခု၌ရှိသော မြို့နယ် ၆၈မြို့နယ်ပါဝင်သော ဒေသ ၁၈ ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

ဤနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးခဲ့သည့်အတွက် နယ်စပ်က ကျေးလက်များသည် မြို့ကြီး ပြကြီးအဆင့်ကို ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ ၁၉၈၉ ခုနှစ်မှ စတင်ပြီး ၂၀၀၃ ခုနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၄၅၀၀၀ ကျော်နှင့် အမေရိကန် ဒေါ်လာ ၅၁၆ သန်းကျော် သုံးစွဲကုန်ကျခံကြောင်း၊ ၎င်းသည် ပြည်ထောင်စုကြီး တစ်ခုလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှု သရုပ်သဏ္ဌာန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က **"နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံများ ဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီအတွက် လိုအပ်သော အခြေခံအုတ်မြစ်များဖြစ်သည်ဟု ယုံကြည်ထားပါသည်ဟု မိန့်ကြားခဲ့ကြောင်း၊** တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် စီးပွားရေး တိုးတက်ဖြစ်ထွန်းရေးတို့သည် ဒီမိုကရေစီ အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊ ထို့ကြောင့် အဖျက်အမှောင့်အနှောင့်အယှက်၊ အပိတ်အဆို့ဟန့်တားမှုများကြားထဲကပင် မိမိတို့သည် စည်းလုံးညီညွတ်မှုတည်ဆောက်ရင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်အတွက် စစ်မှန်သော ဒီမိုကရေစီပေါ်ထွန်းရေး ရှေ့လုပ်ငန်းစဉ် မူဝါဒခုနစ်ရပ်သည် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ရောက်အောင် ညွှန်ပြသည့် လမ်းညွှန်မြေပုံပင်ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နှစ်ပေါင်း ထောင်ချီပြီး ဥမကွဲသိုက်မပျက်နေခဲ့ကြသော ပြည်ထောင်စုကြီး၏ သမိုင်းကြောင်းအစဉ်အလာ၊ အမျိုးဂုဏ်ဇာတိဂုဏ်ကို မထိပါးစေသော အမျိုးသားရေးစရိုက်လက္ခဏာနှင့် ကိုက်ညီသော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ပီပြင်ထွန်းကားရေးသည် အဓိကဖြစ်ကြောင်း။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၄၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ၌ ပြည်ထောင်စုစိတ်ဓာတ်နှင့် စပ်လျဉ်း၍ "ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိကြရာ အသီးတစ်ရာ အညှာတစ်ခု ဆိုသည့်အတိုင်း ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များ အရ အသွင်သဏ္ဌာန်ကွဲပြားသယောင်ရှိစေကာမူအနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်မှာ အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားချင်းများဖြစ်ကြပါသည်"ဟု ထည့်သွင်းဖော်ပြထားကြောင်း။**

၁၉၄၇ ခုနှစ်တွင် ရေးဆွဲခဲ့သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ဖျက်သိမ်းခဲ့ပြီး ဖြစ်သကဲ့သို့ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အလိုအလျောက် ပျက်ပြယ်သွားပြီဖြစ်ကြောင်း၊ ယခု ဒီမိုကရေစီလမ်းကြောင်းကို ဆက်သွားမည့် အချိန်တွင် နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်နှင့်လည်းဆီလျော် ညီညွတ်သည့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် မလွဲမသွေ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် မိန့်ကြားခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးအတွက် ရှေ့သွားရမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်သည် နိုင်ငံရေးအရ ထိပ်တန်းဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး ဤလုပ်ငန်းစဉ်များ၏ အနှစ်သာရသည် စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော် ဖြစ်ထွန်းရေးပင်ဖြစ်သည် ဆိုသည်ကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး သိရှိထားရန် လိုအပ်ကြောင်း၊ ဤလုပ်ငန်းစဉ် ခုနစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများ အနှောင့်အယှက်များကို ကြုံတွေ့လာခဲ့လျှင်လည်း တိုင်းရင်းသားအားလုံးစည်းလုံး ညီညွတ်မှုအင်အား၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များဖြင့် ဤအခက်အခဲအတားအဆီးများကို ကျော်လွှားနိုင်ပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်းကို ခိုင်ခိုင်မာမာတင်ပြလိုကြောင်း။

ထို့ကြောင့် အဆိုရှင် ဦးပိုးရယ်အောင်သိန်း တင်သွင်းသွားသော "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး"အဆိုကို လေးလေးနက်နက် ထပ်ဆင့်ထောက်ခံအပ်ကြောင်းဖြင့် ထပ်ဆင့်ထောက်ခံ ဆွေးနွေးသွားသည်။

ယင်းနောက် သဘာပတိက ကယားပြည်နယ် လွိုင်ကော်မြို့၌ ယနေ့ကျင်းပသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော် ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးတွင် "နိုင်ငံတော် ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွအင်တိုက် အားတိုက်ပါဝင်ရေး" အဆိုနှင့်စပ်လျဉ်း၍ လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးထံမှ အတည်ပြုချက်ရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူညီကြသည့်အတွက်အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက ယနေ့ ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပသော လူထုအစည်းအဝေးက "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရန်" ဆုံးဖြတ်ကြောင်းကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ဖော်ဆောင်ရေး (အောင်ရမည်၊ အောင်ရမည်)။ အမျိုးသား ညီလာခံကျင်းပရေး (အောင်ရမည်၊ အောင်ရမည်)။ ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေး(အောင်ရမည်၊အောင်ရမည်)** ဟူသောကြွေးကြော်သံများကိုတစ်ခဲနက်ကြွေးကြော်ကြကာ လူထုအစည်းအဝေးကို နံနက် ၉နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။**(သတင်းစဉ်)**

## ဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရေအားလျှပ်စစ်ဦးစီးဌာန မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် အိုလံပစ်ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းကျင်းပမည့် State of The Art of Roller Compacted Concrete (RCC) Dam ၊ Design and Construction of Large (RCC) Dams နှင့် စပ်လျဉ်းသည့် ဟောပြောပွဲကို MICT Park ရန်ကုန်မြို့၌ စက်တင်ဘာ ၃၀ရက်(အင်္ဂါနေ့)နံနက် ၉ နာရီမှ မွန်းတည့်၁၂ နာရီထိ ပြုလုပ်မည် ဖြစ်ရာ ဟောပြောပွဲတွင် Dr. M.R.H Dunstan, Malcolm Dunstan & Associates, Consulting Engineers, Member, ICOLD's Technical Committee on Concrete Dam ကသရုပ်ပြဟောပြောကြမည်ဖြစ်သည်။**(က-ပ)**

# နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် စစ်သံမှူးများ၏ ဇနီးများ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို၊ အလှူငွေများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၏နာယက မလေးရှားနိုင်ငံ စစ်သံမှူး Col. Hj Harun Bin Hitam ၏ ဇနီး Mrs.Hasnah Bte Jaafar နှင့် စစ်သံမှူးများ၏ဇနီးများ ပါဝင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ရောက်ရှိကြရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးကြီးမြင့်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဦးဆောင်သော အဖွဲ့သည် ရွှေတိဂုံစေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည် ဖူးမြော်လေ့လာကြပြီး ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်ရှိ ရွှေတိဂုံစေတီတော်၏ ပုံတူရွှေသားစေတီနှင့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အကြောင်းများကိုဂေါပကအဖွဲ့ဝင် ဦးခင်မောင်မြင့်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်သောအဖွဲ့သည် ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင် မွမ်းမံရန်အတွက် ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်မှ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၃ မှ**

နိုင်ငံတော်၏ ပကတိအခြေအနေများ၊ သမိုင်းအတွေ့အကြုံများနှင့် ပြည်သူများ၏ ဆန္ဒကို ထင်ဟပ်နေသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အရ ဒီမိုကရေစီ နိုင်ငံသို့ အသွင်ကူးပြောင်းလျက်ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ရင်း စစ်မှန်ပြီးစည်းစနစ်ကျသော ဒီမိုကရေစီလူ့ဘောင်တည်ဆောက်ရန် မိမိတို့ သန္နိဋ္ဌာန်ချပြီးဖြစ်ကြောင်း။

### ကူညီပံ့ပိုးသွားမည်

မိမိတို့အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍကို အပြည့်အဝ အသိအမှတ်ပြုကြောင်း၊ မြန်မာအမျိုးသမီးများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်ကို မိမိအနေဖြင့် နှစ်ထောင်းအားရဖြစ်မိကြောင်း၊ မိမိတို့၏ ရှည်လျားသော သမိုင်းကြောင်းတစ်လျှောက်တွင်လည်း မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ အခွင့်အရေးများ ရရှိခဲ့ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍအပါအဝင် ကဏ္ဍအားလုံးတွင် ထင်ရှားသော အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း စသည့် အမျိုးသမီးအဖွဲ့အစည်းများသည် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနေရုံသာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးအဖွဲ့အစည်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်အားပေးပြီးပံ့ပိုးကူညီမှုများလည်း ပြုလုပ်သွားမှာဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

ဈေးကွက်စီးပွားရေးမူဝါဒများနှင့်အညီ နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အဘက်ဘက်က အားပေးကူညီမှုများ ပြုလုပ်ပေးခဲ့သည့်အတွက် ယနေ့ဆိုလျှင် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံတော်စီးပွားရေး၏ ၉၀ ရာခိုင်နှုန်းနီးပါးကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒအရ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိကြောင်း၊ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသော အစိတ်အပိုင်းက ပါဝင်နေသည်ကိုလည်း တွေ့မြင်နိုင်မှာဖြစ်ကြောင်း။

ဤနေရာတွင် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ အရေးပါသော အခန်းကဏ္ဍကို မိမိအနေဖြင့် အသိအမှတ်ပြုလိုကြောင်း၊ ၁၉၉၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းသည် အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များကို စွမ်းရည်ပိုမိုထက်မြက်စေရန် စုစည်းပေးခဲ့ပြီး နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်တွင် အမျိုးသမီးများ၏ကဏ္ဍကို တိုးတက်စေလျက်ရှိကြောင်း၊ ဤအသင်းကြီး၏ အောက်ခြေအဆင့် လုပ်ငန်းများအပြင် အသေးစား ချေးငွေလုပ်ငန်းများ၊ ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ပေးမှုများ၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ဆောင်ရွက်ပေးမှုများက ဤအသင်းကြီးသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ စီးပွားရေး နယ်ပယ်မှာသာမက လူမှုရေးနယ်ပယ်မှာပါ တိုးတက်မှုရအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်းကို ပြသနေကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းကြီးသည် နိုင်ငံတကာမျက်နှာစာတွင်လည်းဒေသတွင်းနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအပေါင်း ၃၀ ကျော်နှင့် ဆက်သွယ်မှုများ ထူထောင်ထားတာ တွေ့မြင်နိုင်မှာဖြစ်ကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့ညီလာခံကြီးကို လက်ခံကျင်းပနိုင်ခြင်းသည် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အပြန်အလှန် ဆက်သွယ်မှုများရှိနေသည်ကိုဖော်ညွှန်းနေကြောင်း၊ ဤညီလာခံကြီးကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ခြင်းအတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းကို ဂုဏ်ပြုလိုကြောင်း။

အချို့အင်အားကြီး နိုင်ငံများ၏ နိုင်ငံရေးရည်မှန်းချက်များဖြင့် ဖိအားပေးဆောင်ရွက်ချက်များသည် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအပါအဝင် ပုဂ္ဂလိကကဏ္ဍအပေါ် အကျိုးသက်ရောက်မှုများ ရှိနေသည်ကို တွေ့မြင်နေရကြောင်း၊ မိမိတို့ မြန်မာပြည်သူများအနေဖြင့် ပြင်ပမှ ဖိအားပေးမှုများကို လုံးဝအလျှော့ပေး လက်ခံမှာ မဟုတ်ကြောင်း၊ နိုင်ငံတော် အစိုးရ

ဤညီလာခံကြီးသည် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များနှင့် နိုင်ငံတကာမှ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆက်အသွယ်များ ပိုမိုခိုင်မာစေလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

### ရွှေနိုင်ငံဟုသတ်မှတ်

ကိုယ်စားလှယ်တော်ကြီးများ၏ မြန်မာနိုင်ငံတွင် နေထိုင်သည့်ကာလသည် တိုတောင်းလှသော်လည်းရသည့် အချိန်တွင်းမှ ရင်းနှီးခင်မင်တတ်ပြီး ယဉ်ကျေးဖော်ရွေသည့် မြန်မာပြည်သူများ၊ ကြွယ်ဝလှသည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ နိုင်ငံ၏ ဆွဲဆောင်မှုအားကောင်းသည့် သဘာဝသာယာလှပမှုများကိုကိုယ်တိုင်ကိုယ်ကျ မြင်တွေ့နိုင်မှာ ဖြစ်ကြောင်း၊ ယခုကဲ့သို့ တွေ့မြင်သည့်အခါတွင် မြန်မာနိုင်ငံကို ဘာကြောင့် ရွှေနိုင်ငံဟု သတ်မှတ်ထားသည်ကို ပိုမိုသဘောပေါက်နားလည်လာမှာ ဖြစ်ကြောင်း။

ညီလာခံကြီးတွင် ဆွေးနွေးမည့် အစီအစဉ်များသည် ကျယ်ပြန့်ပြီး အသင်းဝင်များအကြား ကွန်ရက်ဆက်သွယ်မှုများနှင့် စီးပွားရေး မိတ်ဖက်ဖြစ်မှုများ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ဤညီလာခံ၏ ဆောင်ပုဒ်ဖြစ်သည့် **“ အမျိုးသမီးများ၏ ကွန်ရက် ဆက်နွယ်မှုအားမာန်မြင့်တင်၍ ကမ္ဘာ့အမြင်ဒေသအသွင်ဖြင့် စီးပွားရေး၊ လူမှုရေး စွမ်းဆောင်မှု”**ကို အနေဖြင့်လည်း မိမိတို့ပြည်သူများ စွမ်းအားအပေါ် အပြည့်အဝ ယုံကြည်သည့်အတွက် ၎င်းအတား အဆီးများကို မိမိတို့မလွဲမသွေကျော်လွှားနိုင်မည်ဆိုသည်ကို ယုံကြည်ပြီး ဖြစ်ကြောင်း၊ အခြေခံအားဖြင့် မိမိတို့အနေဖြင့် ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်နေသော်လည်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်ကဲ့သို့ ပြည်ပမှမိတ်ဆွေများ၏ ကူညီထောက်ပံ့မှုများကို ကြိုဆိုကြောင်း၊ ဒသမအကြိမ်မြောက် ကမ္ဘာ့ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်အောင် ရွေးချယ်ပေးခဲ့သည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများ အသင်းချုပ်ကို နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံက အပြည့်အဝ ထောက်ခံကြောင်းကို အလေးအနက်ထား ပြောကြားလိုကြောင်း။ ဒီညီလာခံကြီး၏ ရည်မှန်းချက်များ အောင်မြင်မှုရရှိမည်ကိုလည်း မိမိအနေဖြင့် အပြည့်အဝ ယုံကြည်ပြီး ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် ဆွေးနွေးမှုများ အားလုံး အဘက်ဘက်မှ အောင်မြင်ပါစေ၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများ မြန်မာနိုင်ငံတွင် နေထိုင်စဉ်ကာလ တစ်လျှောက်လုံးစိတ်ချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်ဥက္ကဋ္ဌ Dr. Dewi Motik Pramono Msi က ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း စတင်တည်ထောင်သူနှင့် အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါ်ရီရီမြင့်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညီလာခံခန်းမအတွင်း၌ ညီလာခံ ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံကို ယင်းနေ့မှစ၍ စက်တင်ဘာ ၂၈ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနာဟိုတယ်၌ ဆက်လက်ကျင်းပမည်ဟု သိရှိရသည်။ **(သတင်းစဉ်)**

**အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်ဥက္ကဋ္ဌ Dr. Dewi Motik Pramono Msi ၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်စိန်စိန်၊ ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်း အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါ်ရီရီမြင့်နှင့် ညီလာခံတက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မင်္ဂလာမောင်းများထုပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)**





**ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်တို့က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရန်ပုံငွေအတွက် အလှူငွေကျပ် ၃၅ သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံယူစဉ်။ (သတင်းစဉ်)**

# ချန်ပီယံမြန်မာ အနိုင်ဂိုးသွင်းသူ ဗီစီဒီ အခွေမှရရှိသည့်အမြတ်ငွေများ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရန်ပုံငွေအတွက် ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၆

**ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံး မြက်ခင်းသစ် သုခမလွင်ပြင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းတင်ဆက်သည့် ပထမအကြိမ် အာဆီယံ အသက် (၁၈)နှစ်အောက် ဘောလုံးပြိုင်ပွဲ ချန်ပီယံ အသက်(၁၈)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း၏ ချန်ပီယံမြန်မာ အနိုင်ဂိုးများ ဗီစီဒီ အခွေမှရရှိသည့် အမြတ်ငွေများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရန်ပုံငွေအတွက် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ညှော်ဂေဟာ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူးများ၊ ဒုတိယ ဌာနကြီးမှူးများနှင့် တပ်မတော်အရာရှိကြီးများ၊ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းရုံးတို့မှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ စေတနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှဌာနကြီးမှူး ဗိုလ်မှူးချုပ်သန်းထွန်းက အလှူငွေ ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်တို့က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရန်ပုံငွေအတွက် အလှူငွေကျပ် ၃၅ သိန်းကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ စေတနာရှင် ညှော်သည်တော်များအား အာဆီယံ အသက်(၁၈)နှစ်အောက် ဘောလုံးပြိုင်ပွဲ ချန်ပီယံမြန်မာလူငယ် လက်ရွေးစင် ဘောလုံးအသင်း၏ ချန်ပီယံ မြန်မာ အနိုင်ဂိုးများ ဗီစီဒီ အခွေပြသ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ကန်ပက်လက်တစ်မြို့လုံး ၂၄ နာရီ ရေပေးဝေမှုကြည့်ရှု နွားနောက်မွေးမြူရေးနှင့် လက်ဖက်စိုက်ခင်းနေရာစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၆**

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် စက်တင်ဘာ ၂၁ ရက်တွင် ချင်းပြည်နယ် မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာ၌ ကျင်းပသည့် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၂ ရက်တွင် မင်းတပ်မြို့ တောင်ပုလုဆရာတော် ဘဒ္ဒန္တပညာသိရီနှင့် တောင်တန်းဗဟိုဆရာတော် ဘဒ္ဒန္တခေမိန္ဒတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ၂၃ ရက်တွင် မင်းတပ်မြို့မှ ကန်ပက်လက်မြို့သို့ ရောက်ရှိပြီး ကန်ပက်လက်မြို့နယ် အုတ်ဖိုကျေးရွာနှင့် ကန်သာရုံစံပြကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် ငွေကျပ်တစ်သိန်းစီနှင့် ကျောင်းသုံးဗလာစာအုပ်များလှူဒါန်းသည်။ ထို့နောက် ကန်ပက်လက်မြို့နယ် နွားနောက်မွေးမြူရေးလုပ်ငန်းနှင့် လက်ဖက်စိုက်ခင်းများအတွက် ရွေးချယ်ထားသည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် စက်တင်ဘာ ၂၄ ရက်တွင် ကန်ပက်လက်မြို့ တစ်မြို့လုံးကို ၂၄ နာရီ ရေဖြန့်ဝေပေးနေသည့် ကျောက်တံတားရေစုကန်ကို ကြည့်ရှုသည်။ ထို့နောက် ကန်ပက်လက် ဗဟိုသာသနာပြုကျောင်း ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒသမအကြိမ်အပြည်ပြည်ဆိုင်ရာစီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်ကမ္ဘာ့ညီလာခံစတင်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

**အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်နှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့က ကြီးမှူးကျင်းပသည့် ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံ(10th Global Conference of Women Entrepreneurs)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ စတင်ကျင်းပသည်။**

ညီလာခံသို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ဥက္ကဋ္ဌ အင်ဒိုနီးရှား သမ္မတနိုင်ငံမှ Dr. Dewi Motik Pramono Msi နှင့် အဖွဲ့ဝင်များ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်စိန်စိန်၊ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း တည်ထောင်သူနှင့် အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါ်ရီရီမြင့်နှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင်များ၊ ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ညီလာခံသို့ တက်ရောက်လာကြသော မြန်မာနိုင်ငံ၊ အင်ဒိုနီးရှား၊ မလေးရှား၊ သြစတြေးလျ၊ ဂျပန်၊ ပါကစ္စတန်၊ နီပေါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံ ပထမပိုင်းအစီအစဉ်တွင် သဘာပတိအဖြစ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Dr. Dewi Motik Pramono Msi က ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ညီလာခံအစီအစဉ်အရ စီးပွားရေးနှင့် စီးပွားရေးမဟုတ်သော လုပ်ငန်းများတွင် အမျိုးသမီးများ၏ စွမ်းဆောင်မှုကွန်ရက်အင်အားမြှင့်တင်ခြင်း (Empowering Women's Network for Business and Non-Business Ventures)စာတမ်း ကို Gender and Development Section, Emerging Social Issue Division (UNESCAP)မှ အကြီးအကဲ Ms. Thelma SE Kay (Thailand)၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးကိုယ်စားလှယ် ဒေါ်မိုးသူဇာနှင့် The Garden Hope Of Foundationမှအမှုဆောင်အရာရှိချုပ် Ms. Chi, Hui-Jung(Taipei) တို့က ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ညီလာခံတက်ရောက်လာကြသူများက စာတမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ညီလာခံပထမပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ယင်းနောက် ညီလာခံဒုတိယပိုင်း အစီအစဉ်ကို မွန်းလွဲပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ်အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ Mrs. Norazizah Borhan က ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

အစီအစဉ်အရ ကမ္ဘာ့အမြင်၊ ဒေသဆိုင်ရာ နည်းဗျူဟာနှင့်လူမှုရေးနယ်ပယ်တွင် စီးပွားရေးစွမ်းဆောင်မှု လုပ်ဆောင်ခြင်း(Global Vision, Local Strategies and Social Entrepreneurship ) စာတမ်းကို မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါ်ရီရီမြင့်၊ SPA Group of Companies မှ Chairman Mr. Serge Pun နှင့် Ms. Tia Tatyana Sentani Sutara (Indonesia),Vice Chairperson for Foreign Affair in IWAP I တို့က ရှုထောင့်အမျိုးမျိုးမှဆွေးနွေးတင်ပြကြသည်။

ထို့နောက် ညီလာခံတက်ရောက်လာကြသူများကစာတမ်းနှင့်စပ်လျဉ်း၍ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီးညီလာခံ ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ညီလာခံအခမ်းအနားအပြီးတွင် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်စိန်စိန်က ဆွေးနွေးကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ညပိုင်းတွင်ညီလာခံ တက်ရောက်လာကြသူများအား မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ဆီဒိုးနားဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံပြီး မြန်မာ့ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

အဆိုပါညီလာခံကို စက်တင်ဘာ ၂၇ ရက်တွင် ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**



**အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Dr. Dewi Motik Pramono Msi က ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)**



**မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်း စတင် တည်ထောင်သူနှင့် အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါ်ရီရီမြင့်က ကြိုဆိုနှုတ်ဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)**

■ ချိုင့်ဝှမ်းကိုဖြည့်၊ မြေပြန့်ကိုညှိ၊ တောင်ကိုဖောက်၊ ချောင်းကိုဖြတ်၊ မြစ်ကိုကျော် တည်ဆောက်ခဲ့သည့် လမ်းတံတားများဖြင့်

ဖွံ့ဖြိုးဝေစည် မြန်မာပြည်

■ ဘုရား၊ ကျောင်းကန်၊ သာသနိကအဆောက်အအုံများ၊ ဆည်မြောင်းတာတမံ၊ စက်ရုံကြီးများ၊ သစ်လွင်လှပသောအဆောက်အအုံများဖြင့်

ဖွံ့ဖြိုးဝေစည် မြန်မာပြည်

■ မြန်မာနိုင်ငံ၏ ၁၅ နှစ်တာကာလ တပ်မတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပကာတိအတိုင်းတွေ့မြင်နိုင်တဲ့

## ဖွံ့ဖြိုးဝေစည် မြန်မာပြည်

(၁၉၈၈–၂၀၀၃)

* မြို့ရွာနှင့်ကျေးလက်ဒေသ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်မှုများကို ဓာတ်ပုံများ၊ ကိန်းဂဏန်းများ၊ ပုံပြဂရပ်များ၊ ဇယားများဖြင့် ပုံနှိပ်ထုတ်ဝေထားပါသည်။

ထွက်ပြီ

* စာပေဗိမာန်စာအုပ်ဆိုင် ၅၂၉၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၈၁၄၅၀
* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၂၉၄၃၀၆
* စာပေဗိမာန်စာအုပ်ဆိုင်၊ ရတနာပုံဈေးသစ် (ဒုတိယထပ်)၊ မန္တလေးမြို့။




## အိုကေမြန်မာကုမ္ပဏီ ကံစမ်းမဲဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၆**

စက်တင်ဘာ ၂၄ ရက်ညနေ ဖြနာရီခွဲတွင် O.K Myanmar Co.,Ltd. က ကြီးမှူးကျင်းပသော SANYO Lucky Draw Dinner ကို ကုန်သည်ကြီးများ ဟိုတယ်တွင် ကျင်းပရာ အစီအစဉ်အရ O.K Myanmar Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က အဖွင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများနှင့် အရောင်းကိုယ်စားလှယ်များအား ကံစမ်းမဲအစီအစဉ် ဖွင့်လှစ်ပြီး ကံထူးရှင်များအား ဆုများကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါကုမ္ပဏီမှ တရားဝင်ဖြန့်ချိသောSANYO ပစ္စည်းများအားလုံး အတွက် After Sales Services ကို ပေးလျက်ရှိသည်။ SANYO ပစ္စည်း အရောင်းမြှင့်တင်ရေးအတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ဖုန်း–၅၄၄၄၆၄၊ ၅၄၄၄၆၅၊ ၅၅၈၂၉၁၊ ဖက်စ်–၅၅၈၂၉၀ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



**အမှတ် ၂၀၉၊ ပထပ်(ယာ)၊ ၃၈လမ်း (ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် ဖုန်း–၇၂၂၀၅၃ က ထုတ်ဝေသော The Best English စာအုပ်မျက်နှာဖုံး။**

**(က–ပ)**

## ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၂၆**

ဆဋ္ဌသင်္ဂါယနာပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အမေရိကန်နိုင်ငံဟာ့မွန်ဖေးမြို့ ဓမ္မာနန္ဒဝိဟာရ ကျောင်းတိုက်၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ (A.A'B.A) ဆရာတော် ဘဒ္ဒန္တ ဇောတာလင်္ကာရ မထေရ်မြတ်ကို ဦးထိပ်ထား၍ ရန်ကုန်တိုင်း၊မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊အောင်မင်္ဂလာလမ်း၊ဒက္ခိဏာရုံ ကျောင်းတိုက်၌ ဘဒ္ဒန္တ မေဓာနန္ဒနှင့် ဘဒ္ဒန္တ ဥတ္တရတို့ အမှူးပြု၍ ၁၃၆၅ခုနှစ် သီတင်းကျွတ် လဆန်း ၉ ရက်တွင် တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ တရားစခန်းပွဲတွင် ဆရာတော် ဘဒ္ဒန္တ သုဇာတ(မဟာစည်နယ်လှည့်ဓမ္မကထိက၊ သာသနဓဇ ဓမ္မာစရိယ)က သတိပဋ္ဌာန် ဝိပဿနာ တရားများ ဟောကြားမည်ဖြစ်ရာ ယောဂီများနှင့် အလှူရှင်များ ဖုန်း–၆၅၁၇၆၄ သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ **(က–ပ)**

## မြေဩဇာပေါင်းစပ်သုံးစွဲရေး ပညာပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် သီးနှံအထွက်နှုန်း ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးတွင် ဆောင်ရွက်ရမည့် နည်းလမ်းဖြစ်သည့် ဓာတ်မြေဩဇာနှင့် ဒေသထွက် သဘာဝမြေဩဇာဖြစ်သည့် ခေတ္တရာအသင့်သုံး မြေဩဇာတွဲဖက်ပေါင်းစပ်သုံးစွဲရေး ပညာပေး ဆွေးနွေးပွဲကို ပေါင်းတည်မြို့နယ် ဘုရားငါးဆူကျေးရွာ အုပ်စု၊ အုန်းသုံးပင်ကျေးရွာ အစိုးရမူလတန်းကျောင်းတွင် စက်တင်ဘာလ ၂၁ ရက်က ကျင်းပသည်။

အဆိုပါ ပညာပေး ဆွေးနွေးပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးတိုင်း (အနောက်ပိုင်း) မြေအသုံးချရေး တာဝန်ခံ ဦးထွန်းလှအောင်က သီးနှံနှင့် မြေမှန်ကန်အောင် စိုက်ပျိုးရမည့် အချက်များကို ရှင်းလင်းဆွေးနွေးပြီး ပေါင်းတည်မြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးညွန့်ရွှေက သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေဩဇာနှင့် ဒေသထွက် သဘာဝ မြေဩဇာဖြစ်သည့် ခေတ္တရာအသင့်သုံး မြေဩဇာ သုံးစွဲရမည့် နည်းလမ်းများနှင့် အကျိုးကျေးဇူးများကိုရှင်းလင်းဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှဝန်ထမ်းများနှင့် တောင်သူလယ်သမားစုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်းသိရသည်။**(က–ပ)**

## ဂျပန်ပြည်မဟာစည်တရားပွဲ

**ရန်ကုန် စက်တင်ဘာ ၂၆**

ဂျပန်နိုင်ငံ နာရမြို့ အာခိရ၏ ယာယီဝိဟာရတွင် ရန်ကုန်မြို့ ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တ ကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်က အောက်တိုဘာ ၁ ရက်မှစ၍ သုံးရက်တိုင်တိုင် သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။**(က–ပ)**



**ကောင်းလိုက်တဲ့ဝတ္ထုဟု မှတ်ချက်ပြု ရေးသားထားသည့် ဆရာလယ်တွင်းသားစောချစ်၏ အမှာစာနှင့် အတူ ပန်းချီ မောင်မောင်သိုက်၏ လက်ရာဖြင့် အဏ္ဏဝါစာပေ၊ အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သဃ်န်းကျွန်း မြို့နယ်၊ ဖုန်း–၅၇၈၆၆၀က ဖြန့်ချိသည့် အဏ္ဏဝါစိုးမိုး၏ ပျားတစ်စက် စာအုပ်မျက်နှာဖုံး။**

**(က–ပ)**

# မြစ်မခြားလို့ ချစ်အားပို

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)




**ကျုပ်နှမ-ကြွခဲ့ပါ့ ပခုက္ကူ၊**
**ရှင်မတောင် နယ်တစ်လွှားကို**
**သွားစို့တူတူ။**
**သနပ်ခါး မွှေးကြူကြူ**
**လိမ့်ရှူရအောင်နော့၊**
**နံ့သာမြေသည်တစ်ဝိုက်ကို**
**လိုက်ခဲ့ပါတော့။ ။**

**(ပင်လုံခွန်)**

စာရေးသူနှင့် ပခုက္ကူသား စာရေးဆရာ တက္ကသိုလ် စိုးယဉ်တို့နှစ်ဦး ပခုက္ကူမြို့ထဲကိုရောက်နေကြသည်။ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်သို့ဝင်၍ စာအုပ်များ ရှာဖွေသည်။ ပခုက္ကူသား စာရေးဆရာကြီးများဖြစ်သည့် ဒေါက်တာ သက်လွင်၊ ပင်လုံခွန်တို့နှင့် တွေ့သည်။ ပခုက္ကူမြို့လယ်မှ သိန်းဃိုဠ်ရှင် (သီဟိုဠ်ရှင်)မြတ်စွာဘုရားကြီးအားဝင်ရောက် ဖူးမြော်ကြသည်။

ထို့နောက် ပခုက္ကူ ဗုဒ္ဓကုန်းမုဋ္ဌောဘုရားကိုလည်း ဝင်ရောက်ဖူးမြော်သည်။ ပခုက္ကူမှပခန်းကြီးဘက် ဆက် ထွက်ခဲ့သည်။ လမ်းတစ်လျှောက်တွင်“နွေထနောင်း ဆောင်း မန်ကျည်း”ဟူသည့်အလား မန်ကျည်းနှင့်တမာတို့က အညာ ရွာများကို အလှဆင်ထားကြသည်။

သစ်ပင် ချုံနွယ်များအကြားတွင် မြင့်မြင့်မားမား မြို့ရိုးပျက်ကြီးများသည် အေးဆေးတည်ငြိမ်စွာဖြင့် အတိတ်သမိုင်းကို ရည်ညွှန်းနေကြသည်။ သင်္ခါရသဘော တရားပုံရိပ်ကို ဖော်ပြနေကြသည်။ တစ်ချိန်က ကူးခန်းဟု တွင်ခဲ့သော ပခန်းမြို့ဟောင်း ဖြစ်သည်။

ပခန်းသည် ချင်းတွင်းမြစ်၏ လက်ယာဘက်ကမ်း ရေစကြိုနှင့် ၁၀မိုင်အကွာ၊ ပခုက္ကူနှင့် မိုင်၂၀အကွာ ကားလမ်းမကြီးပေါ်တွင် ရှိသည်။ ရှင်မတောင်၏ အရိပ်အောက် တွင် ရှားပင်များ၊ထနောင်းပင်များ၊ ထန်းပင်ညိုများဖြင့် ဝန်းရံထားသော အေးချမ်းသာယာသည့် အညာရွာကြီး တစ်ရွာအဖြစ်သို့ ရောက်နေပါပြီ။ တစ်ချိန်သော အခါက ဆိုလျှင် **သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း**ဟု စိတ်ကမှန်း၍ ကြည်နူးစရာမြို့ကြီး ဖြစ်ခဲ့သည်။ ဘုရားအို၊ ကျောင်းပျက်တို့လည်း ပေါများလှပါဘိ။ ဗုဒ္ဓသာသနာ ထွန်းလင်းပွင့်လန်းခဲ့ရာ နေရာလည်း ဖြစ်ခဲ့သည်။

### ဆင်ဖြူရှင်တံတားကြီးကို တွေ့ရစဉ်။

တပေါင်းလသို့ရောက်လာပြီဆိုလျှင် ရှစ်ရပ်ဝန်းကျင်မှာ မှုန်ရီရီ မှိုင်းပျပျရှိသည်။ ချင်းတွင်းမြစ်ရေကလည်း မြသား ရောင်ပမာ စိမ်းပြာလဲ့လဲ့နှင့် သဲသောင်ခုံဖြူလွလွများကို ကန့်ကလျ ရစ်ခွေ၍ စီးဆင်းနေသည်။ ကျန်စစ်သား မွေးဖွားရာ ပရိမ္မအရပ်မှ စုန်ခဲ့လျှင် ရေစကြိုသို့ ရောက် လေသည်။

ရေစကြိုကို ရှေးအခါက မြောင်းတူးရွာဟု ခေါ်သည်။ မြောင်းတူးရွာမှဆက်၍ စုန်ပြန်လျှင် ကူနီအရပ်သို့ ရောက် သည်။ ကူနီအရပ်မှာ အလွန်စည်ကားသော ပွဲတော်တစ်ခု နှစ်စဉ်ကျင်းပမြဲဖြစ်သည်။ တပေါင်းလရာသီသည် ကြည်နူး စရာဖြစ်သည်။ ထိုရာသီတွင် ကူနီပွဲသို့ သွားရသည်မှာ ပျော် စရာ ဖြစ်သည်။ ကူနီသည် အညာမြေ၏ အစည်ကားဆုံး ပွဲတစ်ပွဲ ပင်ဖြစ်သည်။

စာရေးသူ၊ တက္ကသိုလ်စိုးယဉ်၊ အောင်သူရိန် (ပုလဲ)နှင့် သတင်းထောက် ဦးသက်လွင် (ပြန်/ဆက်)တို့သည် မို့မို့မည်းမည်း ထန်းတောကြီးများကို တစ်မျှော်တစ်ခေါ် မြင်ရသည်။ ရေစကြိုမြို့နယ်နှင့် မြိုင်မြို့နယ်များတွင် ထန်းတောများက ပိုများသည်။ ကြည့်လေရာရာ မြင်မြင် သမျှ လက်ညှိုးထိုးမလွဲ ထန်းတောကြီးများပင် ဖြစ်သည်။

ချင်းတွင်းမြစ်ထဲတွင် လှေသမ္ဗန် အစင်း ၁၀၀ ကျော် အုပ်စုကြီးကို မြင်နေရသည်။ ရှင်မတောင်ကြီးဘက်သို့ ကြည့်လိုက်သောအခါတွင်လည်း အစီး ၁၀၀ကျော် လှည်း တန်းကြီးက ရေစကြိုဘက်သို့ တက်နေသည်။ နယ်မှထွက် သော ထန်းလျက်များကို ရေစကြိုအဝယ်ဒိုင်သို့ သွားရောက် ရောင်းချခြင်း ဖြစ်သည်။

**အညာက ထန်းတောညို**
**ထန်းရေချို မွှေးတေးတေး၊**
**ပုတတ်ကြော် ယုန်ကင်နဲ့**
**ကင်ပွန်းချဉ် စပ်ချဉ်ချက်**
**လိုက်ဖက်လှသေး။ ။**

**(မြင်းမူမောင်နိုင်မိုး)**

ထန်းညိုရိပ်က ထန်းသမားမိသားစုတို့၏ အရိုးခံ ဘဝများသည် ယနေ့ ခေတ်တွင် ပြောင်းလဲတိုးတက်ခဲ့သည်။

ပခန်းနယ်သို့ဝင်မိလျှင် မှိုင်းပျရီမှောင်သော ရှင်မတောင် ကြီးကို လှမ်း၍မြင်ရသည်။ မြေပြန့်လွင်ပြင်ဖြစ်သော ပခန်းနယ်၌ ဝင့်ထည်စွာတည်ရှိသော တောင်မြင့်မားကြီး တစ်ခုဖြစ်သည်။ ပခန်းသားတို့၏ အားထားစရာ၊ ဂုဏ်ယူ စရာ တောင်တော်သာဟု ဆိုရပါမည်။

ရှင်မတောင်သည် ရှေးရှေးက ဇော်ဂျီ၊ ဝိဇ္ဇာခိုရ်များ ပျော်ပါးခဲ့ရာဟု နာမည်ကြီးကျော်ကြားခဲ့သည်။ သရက္ခန် ဘုရားအစစ်၊ လက်လေးသစ် ဆင်းတုတော် ရှင်မတောင် ကိုယ်တော်ကြီး ကိန်းဝပ်ရာတောင်ဟုလည်း နာမည်ကြီးခဲ့ သည်။ သီရိမ္ဗာသောကမင်းကြီး၏ မုဋ္ဌောစေတီ တည်ရှိရာ ဟုလည်း နာမည်ကျော်ကြားခဲ့သည်။

ရှင်မတောင်သနပ်ခါးမှာ ပျိုမေတို့အကြိုက်ဖြစ်၍လည်း ထင်ပေါ်ကျော်ကြားခဲ့သည်။ ယခုအခါ စိမ်းလန်းစိုပြည်ရေး စီမံကိန်း ဆောင်ရွက်နေသဖြင့် စိမ်းစိုသာယာလှသော အညာဒေသ၏အိုအေစစ်လည်း ဖြစ်သည်။

စာရေးသူတို့အဖွဲ့ ရှင်မတောင်ပေါ်သို့ရောက်ရှိခဲ့ကြ သည်။ ရှင်မတောင်ကြီး၌ အရန်တောင်ပေါင်း ၃၃ တောင်ရှိသည်။ ၁၇၂၃ပေမြင့်သည်။ အမြဲစိမ်းစိုနေသော တောင်ကြီး ဖြစ်သည်။ သစ်ပင်မျိုးစုံ ပေါက်နေသည်။ ရှင်မတောင်ကြီးနှင့် ပုပ္ပားတောင်ကိုနှိုင်းယှဉ်ရာတွင် ဂမုန်း မျိုးမှာ ပုပ္ပားတောင်၌ တစ်မျိုးပိုသည်။ ဆေးမြစ်တွင် ရှင်မတောင်၌ တစ်မျိုးပိုသည်ဟု အဆိုရှိသည်။

ရှင်မတောင်ကိုယ်တော်ကြီး သရက္ခန်ဘုရားသည် ဆင် ၁၃စီးခံ ပလ္လင်ပေါ်တွင် လက်မ ၂၀ အမြင့်ရှိသော ဇမ္ဗူသပြေသားဆင်းတုတော်ဖြစ်သည်။အတွင်း၌ သရက္ခန် သားအစစ် လက်လေးသစ်ကိုယ်တော်နှင့် ဗုဒ္ဓဓာတ် တော်များပါရှိသည်။ သို့သော် ဖွင့်ကြည့်၍မရပါ။ အလောင်း စည်သူမင်းကြီး လက်ထက်ကပင် သိကြားမင်းသည် ကြေမယ်နှစိုးသပ်ဖြင့် အသေပိတ်ပြီးခဲ့သည်။

စာရေးသူတို့ကားလေးသည် ရေစကြိုမြို့မှ တမာတန်း သို့ နှစ်မိုင်ခရီးကို တလိမ့်လိမ့်မောင်းနှင်နေသည်။ တမာ တန်းနှင့် ဆက်လက်၍ ပုသိမ်-မုံရွာလမ်းသို့ မောင်းနှင်လိုက် သောအခါတွင် ချင်းတွင်းမြစ်ကူးတံတား ဆင်ဖြူရှင် ချဉ်းကပ်လမ်းကို တည်ကြည်ခံ့ညားစွာ တွေ့လိုက်ရသည်။ စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာ အနီးမှ မကွေးတိုင်းရေစကြိုမြို့နယ်မင်းရွာအနီးသို့ ဆက်သွယ်သည့် ရထားလမ်းရော ကားလမ်းပါ အသုံးပြုနိုင် သည့်ချင်းတွင်းမြစ်ကူးတံတားကြီးကို၁၉၉၉ခုနှစ် စက်တင် ဘာ ၁၈ရက်တွင် အောင်မြင်ခမ်းနားစွာဖွင့်လှစ်နိုင်ခဲ့သည်။

**ဟိုရှေ့က သောင်းသောင်းညံ**
**ဘာသံလို့မေး၊**
**တို့ပြည်ရွာ ဆင်ကာနွဲ့**
**တံတားဖွင့်ပွဲတဲ့လေး။**

ထိုဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း (ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း)က အမှာစကားပြောကြား ရာ၌-

**ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့်တိုင်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသည့် ယနေ့ကာလတွင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့၏ လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်စည်ပင်သာယာရေးအတွက် ထိရောက်စွာအထောက်အကူပြုနိုင်မည့် ချင်းတွင်းမြစ်ကူးဆင်ဖြူရှင်တံတားကြီးကို ဖွင့်လှစ်နိုင်ခြင်းသည် စစ်ကိုင်းနှင့်မကွေးတိုင်းရှိ နယ်သူနယ်သားများသာမက ပြည်ထောင်စုကြီး တစ်ခုလုံးအတွက်ပါကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေသည့်စွမ်းဆောင် ကြိုးပမ်းမှုဖြစ်ကြောင်း။**

**ဆင်ဖြူရှင် တံတားကြီးကို နိုင်ငံတော်က ငွေကျပ် သန်း၂၂၈၀ အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး မြန်မာနိုင်ငံရှိ ရထားနှင့် ကားလမ်းကူးတံတားများ အနက် သန်လျင် တံတားကြီးပြီးလျှင် ဒုတိယ အကြီးဆုံး တံတားတစ်ခုဖြစ်ကြောင်း**

ပြောကြားခဲ့သည်။

ဆင်ဖြူရှင် တံတားသည် ဧရာဝတီမြစ်အနောက် ဘက်ခြမ်း၊ ချင်းတွင်းမြစ် အရှေ့ဘက်ခြမ်းနှင့် အနောက် ဘက်ခြမ်းတို့ကို ဆက်သွယ် ပေါင်းကူးပေးသည့် မဟာ ဗျူဟာကျသော တံတားကြီးဖြစ်သည်။ သန်လျင် တံတား ကြီးပြီးလျှင် ဒုတိယအကြီးဆုံး တံတားဖြစ်သည်။ ပင်မ တံတား အရှည် ၄၉၅၇ပေရှိသည့် သံမဏိ အမျိုးအစား တံတားလည်းဖြစ်သည်။ နိုင်ငံခြားငွေ အပါအဝင် စုစုပေါင်း ငွေကျပ် သန်းပေါင်း ၂၂၈၀ ကုန်ကျခဲ့သည်။

ချဉ်းကပ်ကွန်ကရစ်တံတားများမှာ အရှေ့ဘက်ရထား လမ်းမှာ ၁၇၆၅ပေ ရှည်ပြီး အနောက်ဘက် ရထားလမ်းမှာ ၄၂၅ပေရှည်သည်။ချဉ်းကပ်ကားလမ်းမှာ အရှေ့ဘက်တွင် ၁၄ဒသမ၄၅မိုင်ရှည်ပြီး အနောက်ဘက်တွင် ၄ဒသမ၈၃မိုင် ရှည်သည်။

ဆင်ဖြူရှင်တံတား တည်ဆောက်နိုင်ခြင်းကြောင့် ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း မြစ်ကြီးခြားပြီးနေထိုင်ကြရသည့်ဒေသခံပြည်သူများ လွယ်လင့် တကူ အပြန်အလှန် သွားလာနိုင်ပြီး ဒေသပတ်ဝန်းကျင် တစ်ခုလုံးသည်လည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ဧရာဝတီမြစ်အနောက်ခြမ်းဒေသနှင့် ချင်းတွင်းမြစ် အနောက်ခြမ်းဒေသတို့တွင် လမ်းပန်းဆက်သွယ်မှု ပိုမို ကောင်းမွန်ပြီး စီးပွားရေးအခြေအနေ၊လူမှုရေး အခြေအနေ များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ထို့အပြင် ချင်းပြည်နယ်ပါ ဆက်စပ် တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပြီး နိုင်ငံတော် အစိုးရက ညောင်ဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေးရထား လမ်းကို ဖောက်လုပ်ပေးခဲ့ရာ ဆင်ဖြူရှင်တံတားသည် မဟာဗျူဟာကျသည့် ဤရထားလမ်း၏ အစိတ်အပိုင်း တစ်ခု ဖြစ်ပေသည်။

တံတားကြီး၏ ရထားလမ်းအကျယ်မှာ ၁၉ ဒသမ ၆၈ပေဖြစ်သည်။မော်တော်ယာဉ်သွားလမ်းမှာ တစ်ဖက်လျှင် ၁၄ဒသမ ၇၆ပေစီကျယ်သည်။ လူသွားလမ်းမှာ တစ်ဖက် လျှင် ၄ဒသမ၉၂ပေစီကျယ်သည်။တံတားအောက် ရေလမ်း အကျယ်မှာ ပေ ၂၁၀ဖြစ်ပြီး တံတား၏ကင်းလွတ်အမြင့်မှာ ၃၆ပေ ဖြစ်သည်။တံတား၏ မော်တော်ယာဉ်ခံနိုင်ဝန်မှာ ၃၆တန်ဖြစ်သည်။ ဆင်ဖြူရှင်တံတားကို ၇-၃-၁၉၉၆ရက် တွင် စတင်အုတ်မြစ်ချခဲ့ပြီး ၁၅-၇-၁၉၉၉ရက်တွင် တည် ဆောက် ပြီးစီးခဲ့သည်။

စာရေးသူတို့ကားလေးသည် မင်းရွာဘက်ချဉ်းကပ် လမ်းမှ မောင်းတက်ပြီး ဆင်ဖြူရှင်တံတားကြီးအလယ်တွင် ထိုးရပ်လိုက်သည်။ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းကို ချောင်းဦး-တောကျောင်းကြီး လမ်းပိုင်း၊ မင်းရွာ- ပခုက္ကူလမ်းပိုင်း၊ မြို့စိုး-ဓီးပြား လမ်းပိုင်း၊ ကလေး-နတ်ချောင်းလမ်းပိုင်း၊ နတ်ချောင်း-ဂန့်ဂေါ လမ်းပိုင်း၊ ရေမျက်နီ-ကျောလမ်းပိုင်းတို့ကိုသွားလာနိုင်ခဲ့ ပြီဖြစ်သည်။ မြန်မာအင်ဂျင်နီယာများ၏ ကြိုးပမ်းမှု ကြောင့် ပေ ၅၆၀၀ ကျော်ရှည် ပုံညာတောင် ဥမင်လိုဏ် ခေါင်းကြီးကို အောင်မြင်စွာဖောက်လုပ် အသုံးပြုနိုင်ခဲ့သည်။ ပုံတောင်တန်းကို ရထားလမ်းဖြင့် ကျော်လွှားနိုင်ခဲ့ပါပြီ။

ဤအချက်သည် မြန်မာအင်ဂျင်နီယာတို့၏ အောင်မြင်မှု အထွတ်အထိပ်၊ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် ရရှိခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ် ၂၀ က ဤအောင်မြင်မှုမျိုးကို စိတ်ကူးမျှပင် မယဉ်နိုင်ခဲ့ပါ။

ယနေ့ မြန်မာနိုင်ငံ၌ ပုံညာတောင်ဥမင်ရထား လမ်းမကြီး အမှန်တကယ်ပင် တည်ဆောက်အောင်မြင် ခဲ့ပါပြီ။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် အောင်မင်းနှင့် မြန်မာအင်ဂျင်နီယာ ဝန်ထမ်းများ၊ ပုံညာတောင်ဥမင်အတွင်းတွင် အောင်ပွဲခံပျော်ရွှင်နေကြပုံကို စာရေးသူတွေ့ရှိလိုက်ရတော့ ဝမ်းသာလွန်းလို့ မျက်ရည် များပင် လည်မိပါသည်။ **အမျိုးဂုဏ်ဖြိုးမောက်၊ ပုံညာ တောင်ဥမင်ရောက်ဟု** နှုတ်မှ ဆိုမိသည်။

**နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး** ဟူသော စီးပွားရေးဦးတည်ချက်နှင့် အညီ မြန်မာအင်ဂျင်နီယာများသည် ကိုယ်ပိုင်အရည် အသွေး၊ ကိုယ်ပိုင်အရည်အချင်းများဖြင့် ကိုယ်ပိုင်အတွေ့ အကြုံကို အရင်းခံ၍ ချင်းတွင်းမြစ်ကို ကျော်ဖြတ်သည့် ပထမဦးဆုံး ပေ ၁၈၀ အထက် အစင်း ၁၀၀မြောက် ရာပြည့်တံတားကြီးကို ကြိုးစားပမ်းစား တည်ဆောက်နိုင်ခဲ့ သည်။

အနောက်ဘက်ကမ်းမှ ဆေးရွက်ကြီးနှင့်ပဲ၊ ပြောင်း၊ နှမ်း၊ ထန်း၊ ဝါ၊ သနပ်ခါး၊ ရှင်မတောင်ထွက် ဆေးမြစ်စုံများ၊ သီးနှံစုံကို ပြည်ထောင်စုတစ်နံတစ်လျားသို့ အလွယ်တကူ တင်ပို့နိုင်တော့မည်။

အဖျက်သမားများက အမျိုးသား ဖွံ့ဖြိုးတိုးတက် ရေး လမ်းကြောင်းမှန်ကို ပိတ်ပင်တားဆီး၍မရပါ။ ယနေ့ နိုင်ငံတော်တွင် ပေ ၁၈၀ အထက် တံတားကြီး ပေါင်း ၁၆၁ စင်း၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းပေါင်း ၂၆၅ ခု၊ ဆည်မြောင်းတာတမံ၁၅၁ခုဖွင့်လှစ်အသုံးချနိုင်ခဲ့သည်။

ဤရာပြည့်တံတားကြီးကို အလောင်းဘုရား၏ ဒုတိယ သားတော် မြန်မာ့သူရဲကောင်း ဆင်ဖြူရှင်၏ ဘွဲ့နာမကို ဂုဏ်ပြုပေးထားသဖြင့် ပိုမို၍ လေးနက်နေသည်ဟု စာရေးသူတို့ ခံစားရသည်။

စာရေးသူတို့၏ မြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးလျက်၊ တိုးတက်လျက်၊ စည်ပင်လျက် တိုင်းရင်းသားညီအစ်ကို မောင်နှမမျိုးနွယ်စုတို့ မြစ်မခြားလို့ ချစ်အားပိုလျက်ရှိ ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။




## တစ်ခဲနက်ကြွေးကြော်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကန္တာဟောဝန် ပန်းဥယျာဉ်တွင် ကျင်းပရာ သဘာပတိအဖွဲ့နှင့် တက်ရောက်လာကြသူများက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

## ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုများ

| ကဏ္ဍ | ယခင် (၁၉၈၈) | ယခု (၂၀၀၃) |
|---|---|---|
| **စိုက်ပျိုးမြေဧက** | ၁၈၅၀၀၀ | ၂၀၀၀၀၀ ကျော် |
| **ဆည်တမံများ** | ငွေတောင်ဆည်<br>မိုးဗြဲဆည် | ဒေါတချရေလှောင်တမံ<br>လွိုင်နန်းဖရေလှောင်တမံ |
| **ဆည်ရေသောက်ဧက** | | ၃၆၀၀၀ ကျော် |
| **လမ်းပန်းဆက်သွယ်ရေး** | ၃၉၆ မိုင် | ၅၈၅ မိုင် |
| **ဆက်သွယ်ရေး** | တယ်လီဖုန်းအိတ်ချိန်း<br>ဆက်သွယ်ရေး၊စာတိုက်<br>ကြေးနန်းစခန်း ၁၄ ခု | မိုက္ကရိုဝေ့ဗ်စခန်း ၁၃ ခု အပါအဝင်<br>စုစုပေါင်း ၄၉ ခု |
| **ကျေးလက်ဆက်သွယ်ရေး** | | ကျေးရွာလေးရွာတွင် လိုင်း ၅၀ ပါ<br>အော်တိုတယ်လီဖုန်းအိတ်ချိန်း ၄ ခု |
| **ပညာရေး**<br>အခြေခံပညာကျောင်း<br>ကျောင်းသူကျောင်းသား<br>ဆရာ ဆရာမ<br>သင်ထောက်ကူစာသင်ခန်း<br>Electronic Learning Centre | <br>၃၃၃ ကျောင်း<br><br><br><br><br>လွိုင်ကော်ကောလိပ် | <br>၃၈၃ ကျောင်း<br>၄၇၀၀၀ ကျော်<br>၁၇၆၀<br>၈ ခု<br>၈ နေရာ<br>လွိုင်ကော်တက္ကသိုလ်<br>အစိုးရနည်းပညာကောလိပ် ၁ ခု<br>အစိုးရ ကွန်ပျူတာကောလိပ် ၁ ခု |
| **ကျန်းမာရေး**<br>ကျေးလက်ကျန်းမာရေးဌာန<br>တိုက်နယ်ဆေးရုံ | <br>(၁၆) ခု<br>(၄) ရုံ | <br>(၁၉) ခု<br>(၈)ရုံ<br>သူနာပြုသားဖွားသင်တန်းကျောင်း(လွိုင်ကော်) |



# နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်အောင်ဖော်ဆောင်ရေး ကယားပြည်နယ်မှ တိုင်းရင်းသားပြည်သူများက အင်တိုက်အားတိုက်ပါဝင်ကြမည်

▼ **ရွှေ့ဖုံးမှ**

အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သော ဆင်ဖြူရှင်စစ်ကြောင်းသည် နောင်ယား(က)ရပ်ကွက် ပြည်နယ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးရုံးရှေ့ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအယ်လ်တူးမိန်းဂေါင် ခေါင်းဆောင်ပြီး အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများပါဝင်သော အလောင်းဘုရားစစ်ကြောင်းသည် လွိုင်ကော်မြို့ ကန္ဒရဝတီအားကစားရင်ပြင် စုရပ်မှလည်းကောင်း အလံကိုင်အဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များ ဦးဆောင်ကာ သတ်မှတ်လမ်းကြောင်းများမှ လူထုအစည်းအဝေးကျင်းပရာ ကန္တာဟောဝန် ပန်းဥယျာဉ်အတွင်းရှိ ကျောက်သားရင်ပြင်သို့ ချီတက်နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် လွိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစိန်ဦးကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ် ပြည်သူ့ဆေးရုံမှ သမားတော်ကြီးဒေါက်တာဒေါ်မေရီဖော၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးကေကောရီယို၊ ပအိုဝ်းတိုင်းရင်းသား ဦးခွန်ထွန်းတင်နှင့် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်ဆွေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ကေသီမျိုးမြင့်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးခိုင်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးသဘာပတိ လွိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစိန်ဦးက မိန့်ခွန်းပြောကြားရာတွင်-

ယနေ့ ကျင်းပရသည့် အစည်းအဝေးကြီး၏ အဓိကရည်ရွယ်ချက်မှာ ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ကြားခဲ့သည့် မိန့်ခွန်းပါ အချက်သုံးချက်ဖြစ်သော နိုင်ငံတော်ဖွံ့ဖြိုးရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေနှင့် နိုင်ငံရေးလုပ်ငန်း အဆင့်ဆင့်အပေါ်အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် လိုအပ်သည့် နိုင်ငံရေးလုပ်ငန်းစဉ် ခုနစ်ဆင့်အပေါ် အဆိုပြုဆွေးနွေးကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ကြားခဲ့သည့် မိန့်ခွန်းထဲတွင် မြန်မာနိုင်ငံတော်ကြီး၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍

စာမျက်နှာ ၈ ကော်လံ ၁ ✡

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့ထုတ်စောင်ရေ- ၂၀၂၈၃၈**